ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ရက်၊ အင်္ဂါနေ့၊ (9-3-2004) (၄၁၇၀)

အတ္တသမ္မာ ပဏိဓိ စ ဧတံ မင်္ဂလ မုတ္တမံ။	မိမိကိုယ်ကို ကောင်းစွာစောင့်ထိန်းခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ဆက်ကပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ကျေးဇူးတော်ရှင် သက်တော်ရှည် မြင်းခြံဆရာတော်ကြီး ဘဒ္ဒန္တ သောဘိတ၏ သက်တော် (၉၅)နှစ်မြောက် မွေးနေ့တော် ဝိဇာတပူဇာမင်္ဂလာ၊ စာသင်တိုက်တည် (၁၀)နှစ်ပြည့် နှစ်ပတ်လည်မင်္ဂလာနှင့် သာသနာ့အာဇာနည် အရှင်မြတ်တို့အား ဂုဏပူဇာ မင်္ဂလာအခမ်းအနားတွင် ဆရာတော်ကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ကျေးဇူးတော်ရှင် သက်တော်ရှည် မြင်းခြံဆရာတော်ကြီး၏ သက်တော် (၉၅)နှစ်မြောက် မွေးနေ့တော် ဝိဇာတပူဇာ မင်္ဂလာအခမ်းအနားကျင်းပ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင် တက်ရောက်ကြည်ညိုပြီး လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်း

ရန်ကုန် မတ် ၈

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက နိကာယ်ငါးရပ် ပိဋကသုံးပုံစာသင်တိုက်ကြီး၏ ဦးစီးပဓာန မဟာနာယက၊ ကျေးဇူးတော်ရှင် သက်တော်ရှည် မြင်းခြံဆရာတော်ကြီး ဘဒ္ဒန္တ သောဘိတ၏ သက်တော် (၉၅)နှစ်မြောက် မွေးနေ့တော် ဝိဇာတပူဇာမင်္ဂလာ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် နိကာယ်ငါးရပ်၊ ပိဋကသုံးပုံစာသင်တိုက် စာသင်တိုက်တည် (၁၀)နှစ်ပြည့် နှစ်ပတ်လည် မင်္ဂလာနှင့် သာသနာ့အာဇာနည် အရှင်သူမြတ်နှစ်ပါးတို့အား ဂုဏပူဇာ မင်္ဂလာအခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ နိကာယ်ငါးရပ်၊ ပိဋကသုံးပုံစာသင်တိုက်ကြီး၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင် တက်ရောက်၍ ဖူးမြော်ကြည်ညိုသည်။

တက်ရောက်ကြည်ညို

အဆိုပါ မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ သရက်ဆရာတော် ဘဒ္ဒန္တ ကေသရနှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တ ကုမာရ အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ နိကာယ်ငါးရပ်၊ ပိဋကသုံးပုံ စာသင်တိုက်ကြီး၏ ပဓာနနာယက၊ ရွှေရတု တိပိဋကဓရ တိပိဋက ကောဝိဒ ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❀



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ကျေးဇူးတော်ရှင် သက်တော်ရှည် မြင်းခြံဆရာတော်ကြီး ဘဒ္ဒန္တ သောဘိတ၏ သက်တော် (၉၅)နှစ်မြောက် မွေးနေ့တော် ဝိဇာတပူဇာမင်္ဂလာ၊ စာသင်တိုက်တည် (၁၀)နှစ်ပြည့် နှစ်ပတ်လည်မင်္ဂလာနှင့် သာသနာ့အာဇာနည် အရှင်မြတ်တို့အား ဂုဏပူဇာ မင်္ဂလာအခမ်းအနားတွင် ဆရာတော် သံဃာတော်များအား သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၉-၃-၂၀၀၄
(အင်္ဂါနေ့)

ပြည်သူများ လူနေမှုအဆင့်အတန်း မြင့်မားစေရေး ကဏ္ဍအလိုက် ကုန်ထုတ်လုပ်မှုတိုးတက်အောင် ကြိုးပမ်း

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် ပြည်ထောင်စုဖွား တိုင်းရင်းသားများဖြင့် စည်းလုံးညီညွတ်စွာ နေထိုင်လျက်ရှိသော နိုင်ငံ ဖြစ်သည်။ ယနေ့အချိန်အခါသည်နိုင်ငံတော်တစ်ဝန်း တည်ငြိမ်အေးချမ်းပြီး နိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုးတိုးတက် စေရေးအတွက် အရှိန်အဟုန်ဖြင့် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိ သော ကာလဖြစ်သည်။

ထိုသို့သောအခြေအနေ အချိန်အခါကောင်းတွင် ရရှိဖြစ်ထွန်း နေပြီဖြစ်သည့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု၊ ငြိမ်းချမ်းသာယာမှုများကို တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်း မြှင့်တင်ကြရ မည်ဖြစ်သည်။ အရှိန်အဟုန်ရလျက်ရှိသည့်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေးတို့အတွက် အားသွန် ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရမည့် အချိန်အခါဖြစ်သည်။

နိုင်ငံတော်အစိုးရက ပြည်ထောင်စုကြီး၏ နယ်မြေဒေသအစိတ် အပိုင်းများအားလုံး ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်လာစေရေး၊ ဒေသအလိုက် ဖြန့်ကြက်မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများအားလုံး၏ စီးပွားရေးဘဝ၊ လူမှုရေးဘဝ တိုးတက်မြင့်မားစေရေးတို့အတွက် လိုအပ်ချက်များကို အဘက်ဘက်က ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အဖွဲ့ဝင်များနှင့်အတူ ဖေဖော်ဝါရီလ ၂၅ ရက်နေ့မှ မတ်လ ၃ ရက်နေ့အထိ တနင်္သာရီတိုင်း၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့သို့ သွားရောက်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဒေသအလိုက် ဆောင်ရွက်ဖွယ်ရာများကို လမ်းညွှန်မှာကြားခဲ့သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ကရင်ပြည်နယ် ဘားအံမြို့သို့ရောက်ရှိစဉ် အမှတ်(၂၂)ခြေမြန်တပ်မဌာနချုပ် ခန်းမဆောင်၌ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာန ဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘားအံ တပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများ၊ မိသားစုဝင်များနှင့် တွေ့ဆုံရာ၌ **နိုင်ငံတော်အစိုးရက စေတနာထား၍ တိုးတက်ဖွံ့ဖြိုးမှုအတွက် လိုအပ်သည့်အခြေခံများကို တည်ဆောက်ပေး ထားပြီးဖြစ်ရာ ဒေသအပိုင်း၊ ပြည်နယ်အပိုင်းကလည်း မိမိဒေသဖူလုံရေးနှင့် စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြံစည်ကြိုးစား လုပ်ကိုင်ကြရန် လိုအပ်ကြောင်း၊ ဒေသတွင်း ဖူလုံမှုခိုင်မာပြီး စိုက်ပျိုးရေး၊ သား၊ ငါး၊ စက်မှုစသည်ဖြင့် စီးပွားရေးကဏ္ဍအလိုက် ကုန်ထုတ်လုပ်မှု တိုးတက်နေမှသာ ကရင်ပြည်နယ်သည် ဖွံ့ဖြိုးတိုးတက်မှုအားကောင်းပြီး ပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာမှာဖြစ်ကြောင်း** ပြောကြားခဲ့သည်။

နိုင်ငံတော်အစိုးရက ပြည်ထောင်စုကြီးအတွင်း ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်မှု အခြေခံအဆောက်အအုံများစွာကို တည်ဆောက် ဖြည့်ဆည်းပေးလျက်ရှိရာ ကရင်ပြည်နယ်သည် တစ်ခုအပါအဝင်ဖြစ်သည်။ ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဘဏ္ဍာငွေကြေး များစွာ သုံးစွဲ၍ လိုအပ်သောလမ်းများ၊ တံတားများကို တည်ဆောက်ပေး လျက်ရှိသည်။

ထို့အပြင် ပြည်နယ်အတွင်း အခြေခံပညာနှင့် အဆင့်မြင့်ပညာများ လွယ်လင့်တကူ သင်ကြားနိုင်စေရန် အခြေခံပညာကျောင်းများကို ဖွင့်လှစ်ပေးခဲ့သည်။ ယခုအခါ ကရင်ပြည်နယ်၌ ဘားအံတက္ကသိုလ်၊ ပညာရေးကောလိပ်၊ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရ ကွန်ပျူတာကောလိပ်တို့ကို ဖွင့်လှစ်ပေးထားပြီးဖြစ်ရာ လူငယ်များ ဒေသတွင်း၌ပင် အဆင့်မြင့်ပညာရပ်များ လွယ်လင့်တကူ သင်ယူ နိုင်ကြပြီဖြစ်သည်။

ဘားအံဒေသသည် ရန်ကုန်မြို့၊ မော်လမြိုင်မြို့တို့နှင့် အလှမ်း ကွာဝေးသော ဒေသမဟုတ်သည့်ပြင် ဒေသဆန်ဖူလုံပိုလျှံမှု၊ ငရုတ်ကောင်း၊ ရော်ဘာ စသည့်စီးပွားဖြစ်သီးနှံများ စိုက်ပျိုးဖြစ်ထွန်းမှုအခြေအနေ များကြောင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာ ကောင်းမွန် လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်က ကရင်ပြည်နယ် ဒေသဖွံ့ဖြိုးတိုးတက်စေရန် စေတနာထား၍ ဖြည့်ဆည်းပေးမှုများနှင့်အညီ မိမိဒေသဖူလုံရေးနှင့် စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားစေရေးတို့အတွက် ဒေသအပိုင်း၊ ပြည်နယ်အပိုင်းမှ တာဝန်ရှိသူများ၊ ပြည်သူများအားလုံးက စီးပွားရေးကဏ္ဍအလိုက် ကုန်ထုတ်လုပ်မှု တိုးတက်စေရေး အားကြိုးမာန်တက် ကြိုးပမ်း ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၀၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားတွင် မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာကော်မတီ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် စိန်ထွား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အခမ်းအနားကျင်းပ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား တက်ရောက်အမှာစကားပြောကြား

ရန်ကုန် မတ် ၈

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၀၄ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ (International Women's Day)အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန (IBC)၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံလုံး ဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ပညာရေး ဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီး ရေးရာကော်မတီဝင်များနှင့် လုပ်ငန်း ကော်မတီဝင်များ၊ မြန်မာနိုင်ငံအမျိုး သမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ပါမောက္ခဒေါက်တာ ဒေါ်မေမေရီ၊ ဒေါ်ခင်လေးသက်၊ ဒေါ်သန်းသန်းနွဲ့၊ ဒေါ်ခင်ခင်ဝင်း၊ အထွေ ထွေအတွင်းရေးမှူး ပါမောက္ခဒေါက်တာ ဒေါ်ခင်အေးဝင်းနှင့် ဗဟိုအလုပ်အမှု ဆောင်များ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီ အကြံပေးပုဂ္ဂိုလ် ဒေါ်ခင်သန်းနွဲ့နှင့် အကြံပေး ပုဂ္ဂိုလ်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင် နိုင်ငံသံအမတ်ကြီး Mme. Phoebe A. Gomez နှင့် သံအမတ်ကြီး များ၏ဇနီးများ၊ စစ်သံမှူးများ၏ ဇနီးများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စား လှယ်များနှင့် ၎င်းတို့၏ဇနီးများ၊ နိုင်ငံခြားရေး ဝန်ကြီးဌာနမှ တာဝန် ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ အပြည်ပြည် ဆိုင်ရာမှ အစိုးရမဟုတ်သောအဖွဲ့ အစည်းများမှ တာဝန်ရှိသူများ၊ လူမှောင်ခိုကုန်ကူးမှုတားဆီး ကာကွယ် ရေးလုပ်ငန်းကော်မတီဝင်များနှင့်အထူး ဖိတ်ကြားထားသူများ တက်ရောက် ကြသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီး ရေးရာ ကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၀၄ ခုနှစ် အပြည်ပြည် ဆိုင်ရာအမျိုးသမီးများနေ့ အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင် ဝင်းရွှေက မြန်မာနိုင်ငံတွင် ဆောင် ရွက်နေသော အမျိုးသမီးများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများ အကြောင်းကို ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

အဖွင့်အမှာစကား

အခမ်းအနားတွင် မြန်မာနိုင်ငံလုံး ဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ် ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက အဖွင့် အမှာစကားပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်က ပေးပို့သော သဝဏ်လွှာကို ကုလသမဂ္ဂ စနစ်များ ညှိနှိုင်းရေးမှူး United Nation System's Operational Activities for Development in Myanmar Mr. Charles James Petrie က ဖတ်ကြားသည်။

ရှင်းလင်းပြောကြား

ယင်းနောက် မြန်မာနိုင်ငံ အမျိုး သမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသော အမျိုးသမီးများ အတွက် ကျန်းမာရေးစောင့်ရှောက်မှု များအကြောင်းကို ရှင်းလင်းပြောကြား ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက် သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံလုံး ဆိုင်ရာ အမျိုးသမီး ရေးရာကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၀၄ ခုနှစ် အပြည် ပြည်ဆိုင်ရာ အမျိုး သမီးများနေ့ အခမ်း အနားတွင် ကုလ သမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်က ပေးပို့သော သဝဏ် လွှာကို ကုလသမဂ္ဂ စနစ်များ ညှိနှိုင်း ရေးမှူး Mr. Charles James Petrieက ဖတ်ကြားစဉ်။ (သတင်းစဉ်)

မိုးကုတ်ဝိပဿနာ ၁၀ ရက် တရားစခန်းပွဲ

ရန်ကုန် မတ် ၈

ပုဇွန်တောင်မြို့နယ် အမှတ်(၂) ရပ်ကွက် သာယာကုန်းလမ်း သာသနဝေပုလ္လ တိုက်အုပ်ကျောင်း မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေး အဖွဲ့ခွဲအမှတ် ၁၇၂ တွင် ဧပြီ ၈ ရက်မှ ၁၈ ရက်အထိ ၁၀ ရက် တရားစခန်းပွဲ ကျင်းပမည် ဖြစ်သည်။

စခန်းပွဲတွင် နယ်လှည့်သာသနာပြု ဓမ္မကထိကကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးကဝိသာရ (ဓမ္မာစရိယ) အရှင် သူမြတ်နှင့် နယ်လှည့်သာသနာပြု ဓမ္မကထိကဆရာကြီး ဦးဆန်းတင်တို့ က ခန္ဓာဉာဏ်ရောက် တရားတော် များကို ဟောကြားပြသမည်ဖြစ် ရာ တရားစခန်း ဝင်လိုသူများ ဖုန်း–၂၀၁၂၉၀ သို့ ဆက်သွယ်စုံစမ်းနိုင် ကြောင်း သိရသည်။ (က–ပ)

အီရတ်ကျူးကျော်စစ်ပွဲဖြစ်ပွားသည့် နှစ်ပတ်လည်နေ့တွင် နယူးယောက်နှင့် အမေရိကန်မြို့ကြီးများ၌ဆန္ဒပြကြမည်

နယူးယောက် မတ် ၅

အီရတ်ကျူးကျော်စစ်ပွဲ နှစ်ပတ်လည်အထိမ်းအမှတ် အခမ်းအနားပြုလုပ်ရေးနှင့် အီရတ်နိုင်ငံကို အမေရိကန်ဦးဆောင်၍ ကျူးကျော်သိမ်းပိုက်မှုအဆုံးသတ်ရေးကိစ္စ တောင်းဆိုရေးတို့အတွက် နယူးယောက်နှင့် အမေရိကန်ပြည်ထောင်စုရှိ အခြားမြို့ကြီးများ၌ မတ်၂၀ရက်တွင် ဆန္ဒပြပွဲများ ပြုလုပ်သွားရန်စီစဉ်ထားကြောင်း စစ်ဆန့်ကျင်ရေးဆိုင်ရာ ညီညွတ်သော ငြိမ်းချမ်းရေးတပ်ပေါင်းစုက ကြာသပတေးနေ့တွင် ကြေညာလိုက်သည်။

အီရတ်စစ်ပွဲ ဆင်နွှဲရခြင်းသည် တရားမျှတမှုမရှိပုံနှင့်၊ စစ်ဆန့်ကျင်ရေး လှုပ်ရှားမှုအဖွဲ့များ၏ ရပ်တည်ချက် မှန်ကန်ပုံကို လပေါင်းများစွာအတွင်း လက်တွေ့သက်သေပြသခဲ့ပြီးနောက် မတ် ၂၀ရက် ဆန္ဒပြပွဲကြီး ပြုလုပ်ရန် စီစဉ်ခြင်းဖြစ်သည်။

ဖော်ညွှန်း

အီရတ်နိုင်ငံ၏ ဖျက်အားပြင်းလက်နက်များသည် လတ်တလောအားဖြင့် ခြိမ်းခြောက်မှုအန္တရာယ်မရှိကြောင်းနှင့် သမ္မတဘုရှ်က အီရတ်နိုင်ငံကို လက်ဦးမှုရယူကာ တိုက်ခိုက်နိုင်ရေးအကြောင်းပြချက်အဖြစ် တမင်တကာချဲ့ကားမှုရှိသည်ဟူ၍ တစတစပေါ်ပေါက်လာသည့် သက်သေအထောက် အထားများက ဖော်ညွှန်းလျက်ရှိသည်။

တောင်းဆိုမည်

ဖော်ပြပါ ဆန္ဒပြပွဲများတွင် အီရတ်စစ်ပွဲစရိတ်နှင့် အီရတ်နိုင်ငံ သိမ်းပိုက်ထားရေးကိစ္စ၊ အီရတ်တွင်အမေရိကန်တပ်ဖွဲ့ဝင် ၅၅၀သေဆုံးပြီး တပ်ဖွဲ့ဝင် ၃၀၀၀ကျော် ထိခိုက်ဒဏ်ရာရရှိမှု၊ အီရတ် အရပ်သူ အရပ်သားများ သေဆုံးခဲ့မှု စသည်တို့ကို မီးမောင်းထိုး၍ ထုတ်ဖော်တောင်းဆိုကြမည်ဖြစ်သည်။

စစ်ပွဲစရိတ်

အီရတ်စစ်ပွဲစရိတ်မှာ အမေရိကန်ဒေါ်လာဘီလျံ ၁၀၀ကျော်နေပြီဖြစ်ပြီး ဆက်လက် မြင့်တက်လာနိုင်ကြောင်း ဖော်ပြပါတပ်ပေါင်းစု၏ ကြေညာချက်တွင် ဖော်ပြထားသည်။

စီစဉ်

ဆန္ဒပြပွဲများကို နယူးယောက်၊ သမ္မတဘုရှ် မွေးရပ်မြေ ကရောဖို့၊ တက္ကဆက်၊ ဖေယက်ဗီလ်၊ မြောက်ကာရိုလိုင်းနားတို့တွင် ကျင်းပပြုလုပ်ရန် စီစဉ်ထားသည်။

အင်တာနက်။

ဆေးလိပ်သောက်သူ သက်ကြီးမျက်မမြင်ဖြစ်ရန် အလားအလာပိုများဟုဆို

လန်ဒန် မတ် ၆

အသက်အရွယ်ကြီးရင့်မှုနှင့် ဆက်စပ်သော မျက်မမြင်ဖြစ်နိုင်သည့် အလားအလာသည် ဆေးလိပ်သောက်သူများတွင် ဆေးလိပ်မသောက်သူများထက် လေးဆပိုများကြောင်း သောကြာနေ့က ထုတ်ဝေသည့် ဗြိတိသျှ ဆေးပညာဂျာနယ်၌ ဖော်ပြထားသည်။

အေအမ်ဒီခေါ် အမြင်အာရုံ အားနည်း ကျဆင်းခြင်းမှာ နဂိုအတိုင်း ပြန်မကောင်းနိုင်တော့သော ရောဂါမျိုးဖြစ်ကြောင်းနှင့် ရောဂါအခြေအနေ ဆိုးသည်ထက် ဆိုးလာပြီး၊ မျက်မမြင် ဘဝသို့ ဆိုက်ရောက်နိုင်ကြောင်း အဆိုပါဂျာနယ်၌ တင်ပြထားသည်။ အဆိုပါရောဂါ ဖြစ်ပွားရခြင်း အကြောင်းရင်းများကို မသိရသေးသော်လည်း၊ ကျယ်ကျယ်ပြန့်ပြန့် သုတေသနပြု လေ့လာချက်သုံးခုအရ ဆေးလိပ်သောက်သူများတွင် အဆိုပါရောဂါ ဖြစ်နိုင်ခြေများကြောင်း သက်သေပြခဲ့သည်ဆို၏။

တောက်ပသော အလင်းရောင်၊ နေရောင်ခြည်တို့သည် အဆိုပါအမြင်အာရုံကျဆင်းမှုကို တိုး၍ တိုး၍ ဆိုးရွားစေနိုင်သကဲ့သို့ အဆီဓာတ်ကြွယ်ဝလွန်းသော အစာအာဟာရများကြောင့်လည်း ရောဂါဆိုးနိုင်ကြောင်း၊ အေအမ်ဒီရောဂါစတင်ဖြစ်ပွားပါက နေကာမျက်မှန်ဖြင့် မျက်စိကို အကာအကွယ်ပေးသင့်ကြောင်း အဆိုပါ ဆေးပညာဂျာနယ်၌ အကြံပြုတင်ပြထားသည်။

အမ်အင်အေ၊ရိုက်တာ။

လုံခြုံရေးစောင့်ကြပ်

မတ်၇ရက်က ဘဂ္ဂဒက်မြို့တွင် ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခံရသည့် နေရာတွင် လုံခြုံရေးစောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကိုတွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)



ဗြိတိန်နိုင်ငံကို အီရတ်စစ်ပွဲအတွင်း ဆွဲသွင်းမှု ဝန်ကြီးချုပ်တိုနီဘလဲ ဝေဖန်ခံရ

လန်ဒန် မတ် ၇

ဝန်ကြီးချုပ်တိုနီဘလဲသည် ဗြိတိန်နိုင်ငံကို အီရတ်စစ်ပွဲအတွင်းသို့ လွဲမှားစွာ ဆွဲသွင်းလိုက်ခြင်း ဖြစ်ကြောင်း ကွန်ဆာဗေးတစ် နိုင်ငံခြားရေးဝန်ကြီးဆာမာလ်ကွန်ရစ်ကိုင်းက စွပ်စွဲပြောဆိုသည်။

သတိပေးခဲ့

သူသည်အစိုးရအနေဖြင့် စစ်ပွဲဆင်နွှဲရန်အတွက် ထောက်လှမ်းရေးသတင်းအချက်အလက်များကို မထုတ်ပြန်သင့်ဟု သတိပေးခဲ့သူဖြစ်သည်။

ထည့်သွင်း

ထို့ပြင် အီရတ်စစ်ပွဲ တရားဝင်သည်ဟူသော ရှေ့နေချုပ်လော့ဒ်ဂိုးလ်စမစ်၏ အကြံပြုချက်ကို ထုတ်ပြန်သင့်သည်ဟု တောင်းဆိုသူများ စာရင်းတွင် ၎င်း၏အမည်ကို ထည့်သွင်းထားသည်။

သို့သော် မှန်ကန်စွာဖွဲ့စည်းထားသော စုံစမ်းရေးကော်မရှင်တစ်ရပ်ကို တင်ပြနိုင်လျှင် ထုတ်ပြန်မှုမပြုသင့်ဟူသော အယူအဆကို သူလက်ခံမည်ဟုလည်း လော့ဒ်မာလ်ကွန်ရစ်ကိုင်းက ထည့်သွင်း ပြောဆိုသည်။

သိမ်းဆည်းခဲ့

မိမိသည် ကာကွယ်ရေးဝန်ကြီးနှင့် နိုင်ငံခြားရေးဝန်ကြီး တာဝန်အသီးသီးယူခဲ့စဉ်က ထိပ်တန်းလျှို့ဝှက်ချက်များကို မိမိလက်ထဲတွင် ငါးနှစ်ကြာ သိမ်းဆည်းခဲ့ကြောင်း၊ မိမိနှင့်တကွ မည်သည့်ဝန်ကြီးကမျှ ပူးတွဲထောက်လှမ်းရေးကော်မတီ၏ အမိန့်အာဏာအရ ထိုသတင်း အချက်အလက်များကို ထုတ်ပြန်ရန် စိတ်မကူးမိခဲ့ကြောင်းဖြင့် လော့ဒ်မာလ်ကွန်ရစ်ကိုင်းက ထုတ်ဖော်ပြောကြားသည်။

အင်တာနက်။

အီရတ်မြောက်ပိုင်းနှင့် တောင်ပိုင်းတွင် တိုက်ခိုက်မှုများဖြစ်ပွား အမေရိကန်သုံးဦးနှင့် ဗြိတိသျှတပ်ဖွဲ့ဝင်များ ဒဏ်ရာရ

ဘဂ္ဂဒက် မတ် ၇

ပေါက်ကွဲစေတတ်သောပစ္စည်းများ အပြည့်တင်ဆောင်လာသည့် ကုန်တင်ကားကို စနေနေ့က အမေရိကန်တပ်ဖွဲ့ဝင်များက ပစ်ခတ်ခဲ့ရာ ယာဉ်မောင်းသေဆုံးသွားသည်။ ကုန်တင်ကားမှာ တံတားပေါ်အရောက်တွင် ပေါက်ကွဲသွားသည့်အတွက် အမေရိကန်တပ်ဖွဲ့ဝင် သုံးဦးလည်း ဒဏ်ရာရသွားကြသည်။

အထက်ပါ ကိစ္စဖြစ်ပွားခဲ့သောနေရာမှာ ဘဂ္ဂဒက်မြို့၏အနောက်ဘက်ဟာဘာနီးယားဒေသတွင် ဖြစ်သည်။ သောကြာနေ့က အီရတ်နိုင်ငံတောင်ပိုင်းကာလာစာလီအရပ်တွင် အချိန်အတန်ကြာ တိုက်ပွဲဖြစ်ပွားခဲ့ရာ ဗြိတိသျှတပ်ဖွဲ့ဝင်လေးဦးဒဏ်ရာရရှိခဲ့ကြောင်းသိရသည်။

အမာရာမြို့၌လည်း ဗြိတိသျှတပ်ဖွဲ့ဝင်များနှင့် အမျိုးအမည်မသိတိုက်ခိုက်ရေးသမားများအကြား သုံးနာရီကြာမျှ ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ ဗြိတိသျှတပ်ဖွဲ့ဝင် ခုနစ်ဦးဒဏ်ရာရရှိသွားပြီး အီရတ်သုံးဦးတို့ သေဆုံးခဲ့ရကြောင်း ဗြိတိန်စစ်ဖက်သတင်းများက ဆိုသည်။

အင်တာနက်။

မတ်၇ရက်က ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ဘဂ္ဂဒက်မြို့ရှိ အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့ရုံးစိုက်ရာ အဆောက်အအုံအနီးမှ မီးခိုးများတက်လာသည်ကို မြင်တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

တရုတ်–ရုရှားထိပ်သီး ဆွေးနွေးပွဲ ကျင်းပမည် ၂၀၀၄ ခုနှစ်ကို နှစ်နိုင်ငံ လူငယ်များ ချစ်ကြည်ရေးနှစ် သတ်မှတ်

ပေကျင်း မတ် ၇

တရုတ်နှင့်ရုရှား သမ္မတနှစ်ဦးတို့၏ ထိပ်သီးဆွေးနွေးပွဲကို ယခုနှစ် ဒုတိယနှစ်ဝက်အတွင်း ပေကျင်းမြို့တော်၌ ကျင်းပမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး လီရှောင်ရှင်းက စနေနေ့တွင် ကြေညာသည်။

လည်ပတ်မည်

ထို့အပြင် တရုတ်နိုင်ငံလုံးဆိုင်ရာ ပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီဥက္ကဋ္ဌ ဝူပန်ကောင်းနှင့် ဝန်ကြီးချုပ်ဝမ်ကျားပေါင်တို့သည်လည်း၊ ယခုနှစ်အတွင်း ရုရှားသို့သွားရောက်လည်ပတ်ကြမည်ဟု အစည်းအဝေး ရပ်နားချိန်၌ လီရှောင်ရှင်းက သတင်းထောက်များအား ပြောကြားခဲ့သည်။

ယခုနှစ်အတွင်း ကျင်းပမည့် အဆိုပါ နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦးတို့၏ ထိပ်သီး ဆွေးနွေးပွဲကာလအတွင်း ၂၀၀၄ ခုနှစ်ကို နှစ်နိုင်ငံလူငယ်များ ချစ်ကြည်ရေးနှစ်အဖြစ် သတ်မှတ်ကြမည်ဖြစ်ပြီး၊ အဆိုပါ ဆွေးနွေးပွဲကျင်းပခြင်းဖြင့် တရုတ်–ရုရှား ဆက်ဆံရေးဆက်လက်ရှင်သန်စေရန် အားသစ်လောင်းပေးမည် ဖြစ်ကြောင်းလည်း မစ္စတာလီက ပြောကြားသည်။

နယ်နိမိတ်ဆက်စပ်

တရုတ်ပြည်နှင့် ရုရှားတို့သည် အိမ်နီးချင်းနိုင်ငံများဖြစ်ကြပြီး ကီလိုမီတာ ၄၃၀၀ ရှည်လျားသော နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိသည်။

လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း အဆိုပါ နှစ်နိုင်ငံတို့အကြား ချစ်ကြည်သော ဆက်ဆံရေး အားဖြည့်ဆောင်ရွက်ရန် သဘောတူစာချုပ် အများအပြားကို လက်မှတ်ရေးထိုးခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန်တပ်ဖွဲ့ဝင်များကို စစ်လက်နက်ပစ္စည်း အလုံအလောက်တပ်ဆင်ပေးရန် သမ္မတဘုရှ် ပျက်ကွက်ကြောင်း ကယ်ရီ ဝေဖန်ပြောကြား

ဝါရှင်တန် မတ် ၇

သမ္မတဘုရှ်၏ အစိုးရသည် အီရတ်စစ်ပွဲသို့ စေလွှတ်သည့် အမေရိကန်တပ်ဖွဲ့ဝင်များအတွက် ကြိုတင်ပြင်ဆင်မှုနှင့် လက်နက်ပစ္စည်းတပ်ဆင်မှု လုံလုံလောက်လောက် ဆောင်ရွက်ပေးရန် ပျက်ကွက်ကြောင်းဖြင့် ဒီမိုကရက်တစ်သမ္မတလောင်း ဂျွန်ကယ်ရီက စနေနေ့တွင် စွပ်စွဲလိုက်သည်။

သမ္မတဘုရှ်သည် ဟာလီဘာတန် ကုမ္ပဏီကန်ထရိုက်ရရေးတွင် ဒေါ်လာ ဘီလျံများစွာ သုံးသော်လည်း တပ်ဖွဲ့ဝင်များအတွက် သံချပ်ကာ၊ ကျည်ကာနှင့် အခြားသော အကာအကွယ်ပစ္စည်းများ ထုတ်မပေးဘဲ အီရတ်တွင် ဦးစားပေးမှု တလွဲတချော် လုပ်ဆောင်နေခြင်းသာဖြစ်ကြောင်းဖြင့် ဂျွန်ကယ်ရီက ပြောဆိုသည်။

ထုတ်ဖော်ပြောကြား

အမေရိကန် ရဟတ်ယာဉ်များမှာ ပထမတန်း ဒုံးပျံကာကွယ်ရေး စနစ်မပါဘဲ အီရတ်တွင် အန္တရာယ်ကြီးမားစွာ ပျံသန်းနေကြောင်း၊ အမျိုးသား အစောင့်တပ်များက ၎င်းတို့၏ ယာဉ်များတွင် ကာရံရန်အတွက် စီးပွားရေး လုပ်ငန်းရှင်များထံမှ သံမဏိပြားများ အလှူခံရယူနေကြောင်း၊ တပ်ဖွဲ့ဝင်များ၏ မိသားစုများက သူတို့၏တပ်ဖွဲ့ဝင် သားသမီးများအတွက် ကျည်ကာအင်္ကျီများ လိုက်ဝယ်နေကြောင်းဖြင့်လည်း ဂျွန်ကယ်ရီက ထုတ်ဖော်ပြောကြားလိုက်သည်။

ဂျွန်ကယ်ရီက မိမိသာ သမ္မတဖြစ်လျှင် မိမိတို့ပြည်သူများ၏ လုံခြုံရေး၊ မိမိတို့ပြည်သူနှင့် မိမိတို့ အကျိုးစီးပွားများ ကာကွယ်ရေးအတွက် အမေရိကန် လက်နက်ကိုင်အင်အားစုကို အသုံးပြုမည် ဖြစ်ကြောင်း၊ သို့သော် မိမိအနေဖြင့် မိမိတို့၏ တပ်ဖွဲ့ဝင်များကိုမျှ လက်နက်အင်အား၊ ထောက်ပံ့ရေးပစ္စည်း အလုံအလောက် မပေးဘဲ အန္တရာယ်များသည့် လမ်းကို မည်သည့်အခါမျှ စေလွှတ်မည် မဟုတ်ကြောင်း ပြောကြားလိုက်သည်။

မိမိတို့သည် ကမ္ဘာပေါ်၌ အင်အားအတောင့်ဆုံး လက်နက်ကိုင်အဖွဲ့ကို မည်သည့် နည်းနှင့်မျှ အင်အားချည့်နဲ့ကျဆင်းမခံနိုင်ကြောင်း ကယ်ရီက ပြောကြားသည်။

အင်တာနက်။

မတ် ၇ ရက်က ဘဂ္ဂဒက်မြို့တွင် ကင်းလှည့်စောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကိုတွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

သီရိလင်္ကာစီးပွားရေး တိုးမြှင့်ရန် ဝန်ကြီးချုပ်တိုက်တွန်း

ကိုလံဘို မတ် ၇

ပြည်တွင်းစစ်ကြောင့်ထိခိုက်နစ်နာခဲ့ရသည့် သီရိလင်္ကာနိုင်ငံ၏ စီးပွားရေး တိုးမြှင့်နိုင်ရေးအတွက် လာမည့် အထွေထွေ ရွေးကောက်ပွဲတွင် မိမိ၏ ညီညွတ်သော အမျိုးသားတပ်ဦး ပါတီအား အပြည့်အဝထောက်ခံမှုပေးကြရန် သီရိလင်္ကာဝန်ကြီးချုပ် ရာနီလ်ဝစ်ခရီဆင်ဟာက သီရိလင်္ကာပြည်သူတို့အား တိုက်တွန်းသည်။

— အသင့်ရေးဆွဲပြီး —

ထို့ပြင် မိမိတို့နိုင်ငံ တောင်ပိုင်းစီးပွားရေးခိုင်မာ တိုးတက်ရေးအတွက် မိမိတို့အစိုးရအဖွဲ့က စီမံကိန်းများ အသင့်ရေးဆွဲပြီး ဖြစ်ကြောင်းကိုလည်း ၎င်းကပြောကြားသည်။

အဆိုပါစီမံကိန်းများအရ တောင်ပိုင်းဒေသ ခရီးသွားလုပ်ငန်းကဏ္ဍတွင် အလုပ်အကိုင် အခွင့်အလမ်းထောင်နှင့်ချီကာ ဖန်တီးပေးသည်အထိ အဆင့်မြှင့် အကောင်အထည်ဖော် သွားမည်ဟုလည်း ၎င်းကပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

မော်တော်ကားဗုံးပေါက်ကွဲ အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရရှိ

ဘဂ္ဂဒက် မတ် ၇

အမေရိကန် တပ်ဖွဲ့ဝင်များက ဖောက်ခွဲရေးပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ကားတစ်စီးကို ယမန်နေ့က ပစ်လိုက်သဖြင့် ယာဉ်မောင်း သေဆုံးသွားသည်။

ထို့ပြင်မော်တော်ကားမှာ ခါယမ်းသွားကာ တံတားကိုဝင်ဆောင့်အပြီး ပေါက်ကွဲသွားသဖြင့် အမေရိကန် တပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရသွားသည်။

အငြင်းပွား

ထိုအတောအတွင်း ယာယီဖွဲ့စည်းပုံအ ခြေခံဥပဒေ လက်မှတ်ထိုးရေးကို နှောင့်နှေးစေသည့် အငြင်းပွားမှုကို နိုင်ငံရေးသမားများနှင့် ထိပ်တန်းရှီးယားခေါင်းဆောင်တို့ တွေ့ဆုံညှိနှိုင်းနေကြသည်။

မော်တော်ကား ဗုံးပေါက်ကွဲမှုမှာ ဘဂ္ဂဒက်အနောက်ဘက် ဟာဘာနီယာတွင် ဖြစ်ပွားခြင်းဖြစ်သည်။ ကားပေါ်တွင် မပေါက်ကွဲသေးသော အမြောက်ဆန်၊ စိန်ပြောင်းကျည်ဆန်များကိုလည်း တွေ့ရသည်ဆို၏။

ဘဂ္ဂဒက်မြို့မှ ပါလက်စတိုင်းဟိုတယ်အနီး လမ်းပေါ်တွင် မသင်္ကာဖွယ်ရာ အိတ်ထဲထည့်ထားသော ဗုံးတစ်လုံးကိုတွေ့ရသည်။ ပါလက်စတိုင်းဟိုတယ်တွင် နိုင်ငံခြားသားများ အများအပြား တည်းခိုတတ်သည်။

အင်တာနက်။

တားမြစ်လက်နက်များ အီရတ်၌မရှိဟူသော အစီရင်ခံစာကို အမေရိကန်ထောက်လှမ်းရေးဌာန လျစ်လျူရှုခဲ့

ဝါရှင်တန် မတ် ၇

အမေရိကန်ထောက်လှမ်းရေးဌာနများသည်အီရတ်စစ်ပွဲမဖြစ်ပွားမီ နှစ်နှစ်အလိုက ထောက်လှမ်းရေးသတင်းများကို ပြန်လည်သုံးသပ်မှု ပြုလုပ်ခဲ့ကြကြောင်း၊ သို့ရာတွင် ဆက်ဒမ်ဟူစိန်အစိုးရသည် ဥပဒေနှင့်မညီညွတ်သည့် လက်နက်များ ပိုင်ဆိုင်မှုမရှိဟူသော ထောက်လှမ်းရေး သတင်းဖော်ပြချက်များကို နောက်ဆုံးတွင် ပယ်ချခဲ့ကြောင်း နယူးယောက်တိုင်းမ်သတင်းစာက စနေနေ့က ရေးသားဖော်ပြလိုက်သည်။

ထုတ်ပြန်

သိပ္ပံပညာရှင်များ၊ ပြည်ပြေးများနှင့် အခြားသတင်းပေးများကပေးပို့သည့်အီရတ်လက်နက်ဆိုင်ရာ သတင်းဖော်ပြချက်များသည် ထောက်လှမ်းရေးဌာနများနှင့် ဘုရှ်အစိုးရအဖွဲ့တို့၏ သုံးသပ်ချက်နှင့် ဆန့်ကျင်ဖီလာဖြစ်လျက်ရှိပြီး အီရတ်နိုင်ငံကို ယမန်နှစ် မတ်လက ဝင်ရောက်ကျူးကျော်မှု မပြုမီ အချိန်တွင် ထိပ်တန်းအစိုးရ တာဝန်ရှိပုဂ္ဂိုလ် များက ယင်းသတင်းများနှင့် ပတ်သက်၍ လူသိရှင်ကြား ထုတ်ပြန်ခဲ့ခြင်း မပြုခဲ့ပေ။

ထောက်ခံ

ထောက်လှမ်းရေးဌာနများနှင့် အစိုးရအဖွဲ့တို့သည် အီရတ်နိုင်ငံတွင် လူအစုလိုက် အပြုံလိုက် သေစေနိုင်သည့် အဖျက်လက်နက်များ ပိုင်ဆိုင်သည်ဟူသော သဘောထားကို ထောက်ခံသည့် သတင်းပေးများက ပေးပို့သော သတင်းဖော်ပြချက်များကိုသာ ထုတ်ပြန်ကြေညာခဲ့သည်ဟု အဆိုပါ သတင်းစာက ဆက်လက်ရေးသားသည်။

အောက်လွှတ်တော်ထောက်လှမ်းရေးကော်မတီမှ ထိပ်တန်း ဒီမိုကရက်တစ်အမတ် ဂျိန်းဟာမန်က သောကြာနေ့တွင် ပြောကြားသည့် မိန့်ခွန်းထွက်ပေါ်လာမှသာ ပြည်သူလူထုက အရိပ်အမြွက် သတိပြုမိကြခြင်းဖြစ်သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

လုံခြုံရေး စောင့်ကြပ်

မတ် ၆ ရက်က ဘဂ္ဂဒက်မြို့ရှိ ပါလက်စတိုင်း ဟိုတယ်အတွင်းသို့ ဝင်ရောက်ရန် ကြိုးစားစဉ် အဖမ်းခံရသည့် အီရတ်အလုပ်သမားများကို အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးက စောင့်ကြပ်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာလှည့်ခရီးသည်များကိုဆွဲဆောင်ရန် ဟောင်ကောင်တွင် ရေပေါ်စားသောက်ဆိုင် ပြန်ဖွင့်မည်

ဟောင်ကောင် မတ် ၇

ဟောင်ကောင်ကျွန်း၏တောင်ဘက် အာဘာဒင်အရပ်တွင် တည်ရှိသော ဂျန်ဘိုရေပေါ်စားသောက်ဆိုင်ကြီးကို မေလနှောင်းပိုင်းတွင် ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ဟောင်ကောင် သတင်းစာတွင် ဖော်ပြခဲ့သည်။

ရည်ရွယ်

အသစ် ပြန်လည်ပြုပြင်ထားသော စားသောက်ဆိုင်ကြီးကို ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်နိုင်ရန် ရည်ရွယ်၍ ပြင်ဆင်ထားသည်။

စုံစုံလင်လင်

ထိုဆိုင်တွင် အစားအသောက်မျိုးစုံနှင့် ပစ္စည်းအမျိုးအမယ် စုံစုံလင်လင် ဝယ်ယူနိုင်ရန်ပြင်ဆင်ပေးထားမည်ဖြစ်ကြောင်း ဆောက်ချိုင်းနားမောနင်းပို့စ် သတင်းစာတွင်ဖော်ပြထားသည်။

၎င်းဆိုင်၏ပိုင်ရှင်သည် မယ်လ်ကို အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းကုမ္ပဏီဖြစ်သည်။

ရင်းနှီးမြှုပ်နှံ

ထိုလုပ်ငန်းက ဟောင်ကောင် ဒေါ်လာ ၃၅သန်း (အမေရိကန်ဒေါ်လာ ၄ဒသမ၅သန်း)ကို ဂျမ်ဘိုဆိုင်အတွက် ရင်းနှီးမြှုပ်နှံခဲ့သည်။

စဉ်းစားလျက်ရှိ

ထိုလုပ်ငန်းကုမ္ပဏီက တရုတ်ပြည် ပေကျင်းမြို့နှင့် အရှေ့တောင်အာရှဒေသများ၌ ဟောင်ကောင်ဒေါ်လာ သန်း ၆၀ ရင်းနှီးမြှုပ်နှံပြီး ရေပေါ်စားသောက်ဆိုင်များ တိုးချဲ့ဖွင့်လှစ်ရန် စဉ်းစားလျက်ရှိသည်ဟုဆိုသည်။

အမ်အင်အေ၊ ဆင်ဟွာ။

နိုင်ငံတကာ သတင်းများ

အီရတ်အရေးတွင် နိုင်ငံရေး အမှားများကို ဘလဲ ကျူးလွန် စစ်ပွဲလွန်ကာလအတွက်လည်း ပြင်ဆင်မှုများ မပြုလုပ်ခဲ့ဟု ကလဲရှော့ဝေဖန်

လန်ဒန် မတ် ၇

ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲသည် အီရတ်အရေးနှင့် ပတ်သက်၍ နိုင်ငံရေးအမှားများ ကျူးလွန်ခဲ့ကြောင်းနှင့် စစ်ပွဲလွန်ကာလအတွက် ကြိုတင်ပြင်ဆင်မှုများ မပြုလုပ်ခဲ့ကြောင်း ဗြိတိန်ဝန်ကြီးဟောင်း ကလဲရှော့က စွပ်စွဲလိုက်သည်။

ကင်းလှည့်ပျံသန်း

မတ် ရ ရက်က အီရတ်သမ္မတဟောင်း ဆက်ဒမ်ဟူစိန်၏ နန်းတော်အနီး တိုက်ဂရစ်မြစ် ကောင်းကင်ယံတွင် ပျံသန်းကာ လုံခြုံရေးစောင့်ကြပ်နေသည့် အမေရိကန် ချင်နွတ်ရဟတ်ယာဉ်တစ်စင်းကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

လုံခြုံရေးနှင့် ပင်လယ်ကွေ့စစ်ပွဲတို့နှင့် ပတ်သက်၍ အရေးပါသည့် မိန့်ခွန်းပြောကြားရန် ပြင်ဆင်နေစဉ်မှာပင် ကလဲရှော့၏ စွပ်စွဲပြောဆိုချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

လှည့်စားခဲ့

ဗြိတိန်နိုင်ငံသည် အီရတ်စစ်ပွဲမဖြစ်မီက ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်အပေါ် သူလျှိုထောက်လှမ်းခဲ့ကြောင်း ပြောကြားကာ အီရတ်ကို စစ်ဆင်နွှဲရခြင်းနှင့် ပတ်သက်၍ ဗြိတိန်ပြည်သူများအား လှည့်စားခဲ့ကြောင်း စွပ်စွဲပြောဆိုခဲ့ပြီးနောက် ကလဲရှော့သည် ဗြိတိန် နိုင်ငံရေးလောကကို လွန်ခဲ့သည့်သီတင်းပတ်က မုန်တိုင်းထန်စေခဲ့သည်။ ၎င်းသည် အီရတ်စစ်ပွဲဆင်နွှဲပြီးနောက် ဗြိတိန်အစိုးရအဖွဲ့မှ နုတ်ထွက်ခဲ့သည်။

နိုင်ငံရေး မှားယွင်းမှု

ဗြိတိန်နိုင်ငံနှင့်အတူ အီရတ်စစ်ပွဲဆင်နွှဲရန် အမေရိကန်က နေ့ရက်သတ်မှတ်ခဲ့မှုကို ရည်ညွှန်းလျက် အီရတ်နိုင်ငံ၌ ကျူးလွန်ခဲ့သည့် အရေးပါသော မှားယွင်းမှုမှာ ထောက်လှမ်းရေး သတင်းအချက်အလက် မှားယွင်းမှုမဟုတ်ဘဲ နိုင်ငံရေး မှားယွင်းမှုများဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အီရတ်နိုင်ငံတွင် အမေရိကန်ဦးဆောင်သည့်စစ်ပွဲ လွန်ခဲ့သည့်နှစ်မတ်လက စစ်ဆင်နွှဲခဲ့ချိန် နောက်ပိုင်း တိုနီဘလဲအပေါ် ယုံကြည်ကိုးစားမှုမှာ ကျဆင်းခဲ့ပြီး ဘလဲသည် လာမည့်နှစ်တွင် ကျင်းပဖွယ်ရှိသည့် ရွေးကောက်ပွဲများ မတိုင်မီ နိုင်ငံရေးအချေအတင် ဆွေးနွေးမှု၌ အရေးပါသည့် ပြည်တွင်းပြဿနာများကို ဖြေရှင်းနိုင်ခြင်း မရှိဘဲ ဖြစ်နေရသည်။

အင်တာနက်။

ကမ္ဘာ့အသက်ရှည်ဆုံး အဘိုးအို ကွယ်လွန်

မဒရစ် မတ် ၇

ဂျာမန်ခေါင်းဆောင် အဒေါ့ဟစ်တလာနှင့် တစ်နှစ်တည်းမွေးခဲ့သည့် စပိန်နိုင်ငံမှ ဖိနပ်ချုပ်သမား ရီယူဒါဗက်မိုးလ်ဆိုသူ အဘိုးအိုတစ်ဦးသည် အသက် ၁၁၄ နှစ်တွင် ၎င်း၏အိမ်၌ ကွယ်လွန်သွားခဲ့ကြောင်းဖြင့် ၎င်း၏ မိသားစုက စနေနေ့တွင် ပြောကြားလိုက်သည်။ မိုးလ်သည် ကမ္ဘာပေါ်တွင် တရားဝင်မှတ်တမ်းများအရ အသက်အရှည်ဆုံး အမျိုးသားတစ်ဦးဖြစ်သည်။

ထည့်သွင်းခဲ့

ဂျပန်နိုင်ငံသူ အသက် ၁၁၄ နှစ်ရှိ ယူကီချီချူဂန်ဂျီသည်လည်း စက်တင်ဘာလတွင် ကွယ်လွန်ခဲ့ပြီးနောက် မိုးလ်အား ကမ္ဘာ့အသက်အရှည်ဆုံး အမျိုးသားတစ်ဦးအဖြစ် ဂင်းနက်ကမ္ဘာ့မှတ်တမ်းစာအုပ်တွင် ထည့်သွင်းထားခဲ့သည်။

အနားယူ

မိုးလ်သည် ဂျာမန်ခေါင်းဆောင် ဟစ်တလာနှင့် ဟာသသရုပ်ဆောင် ချာလီချက်ပလင်တို့ မွေးခဲ့သည့်နှစ်၊ ပြင်သစ်မှ အီဖယ်မျှော်စင် ဆောက်လုပ်ပြီးခဲ့သည့် ၁၈၈၉ ခုနှစ်တွင် မွေးဖွားခဲ့သည်။ မွေးဖွားသည့်လမှာ ဒီဇင်ဘာလဖြစ်သည်။ ၎င်းသည် ရာစုထက်ဝက်ခန့် အလုပ်မှ အနားယူခဲ့သည်။

စုစုဝေးဝေးနေထိုင်

မိုးလ်သည် ၎င်း၏ ဘဝနောက်ဆုံးနေ့များအထိ လမ်းလျှောက်ထွက်လျက်ရှိပြီး မိတ်ဆွေသင်္ဂဟများနှင့် စုစုဝေးဝေးနေထိုင်လေ့ရှိကြောင်း ၎င်း၏ မြေးတစ်ဦးက ပြောကြားသည်။

အပန်းဖြေ

မိုးလ်က ၎င်း၏ ဘဝတစ်လျှောက်လုံး မည်သည့်ကိစ္စမဆို ချင့်ချင့်ချိန်ချိန်ဖြင့် သင့်တင့်မျှတစွာ ပြုလုပ်သည့် မူဝါဒအတိုင်း လက်ကိုင်ထားနေခဲ့သည်။ အထူးသဖြင့် ဆေးလိပ်သောက်ရာတွင် အလွန်အကြူးသောက်ခဲ့ခြင်း မရှိခဲ့ပေ။ နေ့စဉ် ၁၄ နာရီ အိပ်စက်ကာ ဘောလုံးကစားပြီး ဂီတာတီးခြင်းတို့ဖြင့် အပန်းဖြေလေ့ရှိခဲ့သည်။ *အမ်အင်အေ၊ရိုက်တာ။*

အီရတ်တွင် လုံခြုံရေးကောင်းစွာ မဆောင်ရွက်နိုင်သည့်အတွက် အမေရိကန်တို့ကို အီရတ်တို့က ဒေါသတကြီးပြစ်တင်

ဘဂ္ဂဒက် မတ် ၇

အီရတ်နိုင်ငံတွင် အင်္ဂါနေ့က ဖြစ်ပွားခဲ့သည့် အသေခံဗုံးခွဲမှုများကြောင့် သေဆုံးရသူများအတွက် ကြေကွဲဝမ်းနည်းလျက်ရှိစဉ် လုံခြုံမှုရှိအောင် ဆောင်ရွက်မပေးနိုင်သည့် အမေရိကန်တို့ကို အီရတ်တို့က ဒေါသတကြီး ဆက်လက်အပြစ်တင်နေကြသည်။

ဝမ်းနည်းခြင်း အထိမ်းအမှတ်သုံးရက်သတ်မှတ်ထားပြီး အမေရိကန်တို့အပေါ် မကျေမနပ်ဖြစ်ကာ ချီတက်ဆန္ဒပြခဲ့ရာတွင် ဆွန်နီများရော၊ ရှီးယားများပါ အတူတကွ ချီတက်ဆန္ဒပြခဲ့ကြသည်။

ရပ်ဆိုင်းရမည်

အမေရိကန်တို့သည် အီရတ်နယ်ပယ်များကို လုံခြုံအောင် ထိန်းမထားနိုင်ကြောင်း၊ ၎င်းတို့ လုံခြုံရေးတာဝန် ယူထားရာမှ ရပ်ဆိုင်းရမည်ဖြစ်ကြောင်း ရှီးယားခေါင်းဆောင် အယ်လ်စစ္စတာနီက ပြောကြားသည်။

တုံ့ပြန်

အမေရိကန်တို့က ၎င်းတို့ အတတ်နိုင်ဆုံး ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်းပြောကာ အီရတ်တို့၏ ဒေါသတကြီး စွပ်စွဲပြောကြားချက်များကို တုံ့ပြန်သည်။

ဖျက်သိမ်းခဲ့

အီရတ်တပ်ဖွဲ့နှင့် ရဲတပ်ဖွဲ့ကို အမေရိကန်တို့က ဖျက်သိမ်းခဲ့ခြင်းကြောင့် အီရတ်လူထုက ၎င်းတို့အပေါ် အပြစ်တင်ပြောဆိုနေကြသည်။

လိုလား

ထို့အပြင် အီရတ်ခေါင်းဆောင်အများစုက ကိုယ်ပိုင်ပြည်သူ့စစ်တပ်ဖွဲ့များ ဖွဲ့စည်းရန် လိုလားနေကြသည်။

ဖွဲ့စည်းတိုက်ခိုက်

အင်္ဂါနေ့က ဖြစ်ပွားသည့် တိုက်ခိုက်မှုသည် စနစ်တကျ ပူးပေါင်းကာ အဆင့်မြင့်မြင့် ဖွဲ့စည်းတိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး အီရတ်လူမျိုး အချင်းချင်း ပြည်တွင်းစစ် ဖြစ်ပွားမည့် အဆိုပါ လုပ်ရပ်မျိုးကို လုပ်ဆောင်မည် မဟုတ်ကြောင်း အီရတ်များက ယုံကြည်နေကြသည်။ ***စီအင်န်အင်န်။***

ရှေးဟောင်းစာအုပ် ၉၀၀၀ ကျော် တရုတ်၌ တွေ့ရှိ

ပေကျင်း မတ် ၇

တရုတ်ပြည် အနောက်မြောက်ပိုင်းရှိ ရှင်ဂျာဝေဂေါ်ဒေသတွင် ရှေးဟောင်းစာအုပ် ၉၀၀၀ ကျော်ကို ရှေးဟောင်းသုတေသန ပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရှိရသည်။ အဆိုပါစာအုပ်များသည် အာရေဗျ၊ ပါရှန်၊ ဥဇဘက် ဘာသာစကားများ အပါအဝင် ဘာသာစကား ၁၃ မျိုးဖြင့် ရေးသားထားသည့် စာအုပ်များဖြစ်ကာ ဘာသာဗေဒ၊ စာပေယဉ်ကျေးမှု၊ သမိုင်း၊ ဘာသာရေး၊ ဆေးဘက်ဆိုင်ရာ၊ သင်္ချာဘာသာ အပါအဝင် လူမှုရေးနှင့် သိပ္ပံပညာဆိုင်ရာ ရှုထောင့် အကြောင်းအရာအမျိုးမျိုးကို ရေးသားထားသည့် စာအုပ်များဖြစ်ကြောင်း သိရသည်။

တန်ဖိုးမဖြတ်နိုင်

ယင်းကဲ့သို့သော ရှေးဟောင်းစာအုပ်များကို ဆက်လက်ရှာဖွေသွားမည်ဖြစ်ကာ ယင်းသည် ဂေဟစနစ် ပျက်စီးမှုကြောင့် ဆုံးရှုံးနိုင်သည့် ပစ္စည်းများကို ထိန်းသိမ်းနိုင်ခြင်းဖြစ်ပြီး အရေးပါကာ တန်ဖိုးမဖြတ်နိုင်သည့် ရှာဖွေတွေ့ရှိမှုဖြစ်ကြောင်း ရှေးဟောင်းသုတေသီများက ပြောကြားခဲ့သည်ဟု စီစီတီဗွီသတင်းဌာနက ဖော်ပြသည်။ ***စီစီတီဗွီ။***

လုံခြုံရေးစောင့်ကြပ်

မတ် ၇ ရက်က ဘဂ္ဂဒက်မြို့ရှိ အမေရိကန် ဦးဆောင်သော အုပ်ချုပ်ရေးရုံး ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခံရပြီးနောက် လုံခြုံရေးစောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

သစ္စာလေးပါး တရားဟောကြားမည်

ရန်ကုန် မတ် ၈

ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်၏ နယ်လှည့်ဓမ္မကထိက ဦးကုဏ္ဍလ ဝမ်းသာရွှေကျောင်း ဆရာတော်သည် ၁၃၆၅ခု တပေါင်းလဆန်း ၁၂ရက်မှ လပြည့်ကျော် ၃ရက်အထိ အိမ်မဲမြို့ မိုးကုတ်ဝိပဿနာ ဓမ္မမဥ္ဇူကျောင်း၊ တပေါင်း လပြည့်ကျော် ၆ရက်မှ ၁၂ရက်အထိ ပဲခူးမြို့နယ် တောင်သုံးလုံး ချမ်းသာသုခ စေတီတော်မြတ်အနီး မိုးကုတ်ဝိပဿနာဓမ္မရိပ်သာတွင် သစ္စာလေးပါးတရားတော်များ ဟောကြားပြသမည် ဖြစ်သည်။ (က-ပ)

ဖြိုးခြဲချွေတာ၊ ထိန်းပါလေလွင့်၊ ထုတ်ကုန်မြှင့်

သံယောဇဉ် လွှန်းတင်သည့်ကြိုး

မြင့်စိုး(နတလ)

ကိုယ့်ငါးချဉ်မို့ ချဉ်သည်ပြောရမည်ကို အလွန်အားနာမိပါ၏။ တိုင်းရင်းသားမဂ္ဂဇင်းသည် အရှာရခက်သော စာအုပ်ဖြစ်ကောင်း ဖြစ်နေပါလိမ့်မည်။ အကြောင်းမှာ ထုတ်ဝေသည့်စောင်ရေနည်းသည်။ အခမဲ့ဖြန့်ဝေသောကြောင့် မည်သည့်စာအုပ်ဆိုင်ကိုမျှမတင်။ သက်ဆိုင်ရာရုံးဌာနများသို့ ရောက်သည်။ တစ်နိုင်ငံလုံးရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ကျောင်းအားလုံး၏ စာကြည့်တိုက်များသို့ ရောက်သည်။ မဂ္ဂဇင်းစာအုပ်ပေးပို့ခြင်းအတွက် ကျေးဇူးတင်ရှိပါကြောင်း အဆိုပါတက္ကသိုလ်၊ ကောလိပ်အသီးသီးက ပြန်ကြားလာသောအခါ ဂုဏ်ယူဝမ်းသာဖြစ်မိသည်။ ထိုနည်းတူစွာ ကျွန်တော်တို့ ဦးစီးဌာနအနေဖြင့်လည်း တိုင်းရင်းသားမဂ္ဂဇင်းအတွက် စာမူပေးပို့ကြသော စာရေးဆရာ၊ ဆရာမများ၊ ပန်းချီ၊ ကာတွန်း ပညာရှင်များ၊ ဒီဇိုင်းပညာရှင်များပါမကျန် အားလုံးကို ကျေးဇူးတင်မိပါသည်။

မည်သည့်အကြောင်းအရာကို ဦးတည်ရေးသားပေးပါဟု ကျွန်တော်တို့ ဘယ်တုန်းကမှ မတောင်းဆို။ သို့သော် သူတို့ခံစား မွေးဖွားပေးလိုက်သော ကာတွန်း၊ ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးများတွင် နယ်စပ်ဒေသများ၏ အငွေ့အသက်၊ တိုင်းရင်းသားသွေးချင်းတို့၏ ချစ်စဖွယ်ဓလေ့ထုံးတမ်း အစဉ်အလာများက တစ်ချိုးတစ်ကွေ့တွင် အလိုလိုပါနေပြီး ဖြစ်လေတော့သည်။ ထူတာနှင့်ပါးတာပဲကွာ၏။ ဗိုလ်မှူးကြီးစောမြင့်(ငြိမ်း)(ယိမ်းနွဲ့ပါး)က ကချင်ပြည်နယ်မှ ရဝမ်တိုင်းရင်းသား၊ တရုံတိုင်းရင်းသားစသည်တို့နှင့် ပတ်သက်၍ ဗဟုသုတဖြစ်ဖွယ်ရာများကို ဖြန့်ဝေပေးဖူးသည်။ ဆရာ ကိုသုမောင်က နယ်စပ်နှင့်ပတ်သက်၍ သူ့ခြံစည်းရိုးကလေးနှင့် နိမိတ်ပုံပြဖူးသည်။ ဆရာမင်းလူက ကရင်ပြည်နယ် ကော့ကရိတ်မြို့ စာပေဟောပြောပွဲလေးကို ပြန်လည်တမ်းတသည်။ တစ်ခါ-ငယ်စဉ်က ဖခင်ဖြစ်သူနှင့် ခရီးသွားရင်း ပျော်မွေ့ခဲ့ရသည်များကို အမှတ်တရ ရေးဖူးသည်။ ခေါင်းစဉ်က အရပ်ရှစ်မျက်နှာ။ ဆရာအဏ္ဏဝါစိုးမိုးက ရခိုင်ရိုးရာကျင်ပွဲတွေ၊ ထိမ်းမြားလက်ထပ်ခြင်းဓလေ့တွေကိုဟာသကလေးများ နှောကာရေးဖူးသည်။ ဆရာမဝင်းဝင်းလတ် ရေးသားပေးပို့ခဲ့သော ကစ္ဆပနဒီမှ ဧရာဝတီသို့ ဝတ္ထုရှည်ကိုလည်း ဖော်ပြခွင့်ရခဲ့သည်။ တိုင်းရင်းသားအလှ သဘာဝကဏ္ဍတွင်မူ ရန်ကုန်တက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်)နှင့် (မန္တလေး)တို့၏ မနုဿဗေဒဌာနမှ ဆရာမများက ပင်တိုင်။ ထိုနည်းနှင်နှင်ပင် အခြားအခြားသော စာရေးဆရာ၊ ဆရာမများကလည်း ဒေသအသီးသီးမှ အကြောင်းအရာအစုံစုံကို ဆောင်ယူလာကြသည်။ သုတရသ အမျိုးမျိုးပေးသည်။ သူတို့အဘယ်ကြောင့် ဤသို့ရေးဖွဲ့ခဲ့ကြသနည်း။ ဆရာတက္ကသိုလ်ဘုန်းနိုင် ရှင်းပြခဲ့ဖူးသည့် မေတ္တာ၊ ကရုဏာ၊ မုဒိတာတို့နှင့်ယှဉ်သော ဇောစေတနာ(Inspiration)ကြောင့်ပဲ ဖြစ်ချိမ့်မည်။

ဆရာ တက္ကသိုလ်ဘုန်းနိုင် မကွယ်လွန်မီက တိုင်းရင်းသားမဂ္ဂဇင်းအတွက် စာမူများကို မကြာမကြာ ချီးမြှင့်ပေးတတ်သည်။ တာဝန်ခံအယ်ဒီတာ ဦးလင်းဇော်ခိုင် ဖွဲ့ကောင်းတာလည်းပါမည်။ သန်လျင်နေအိမ်ထိ တစ်ခုတ်တစ်ရ သွားတောင်းတတ်သူဖြစ်၏။ တစ်ကြိမ်က ဆရာသည် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့နှင့် ကျုံဂျူမြို့များ၌ ကျင်းပမည့် ယဉ်ကျေးမှုဆိုင်ရာ နှီးနှောဖလှယ်ပွဲတစ်ခုသို့ တက်ရောက်ရန် ထွက်ခွာမည့်ဆဲဆဲ အချိန်ကာလနှင့်ကြုံနေသည်။ ကိုရီးယားကအပြန် ရေးပေးပါဆရာရယ်ဟု ဦးလင်းဇော်ခိုင်က နားပူနားဆာလုပ်လိုက်သောကြောင့် ထိုခရီးစဉ်မှ ပြန်အရောက်တွင် စာမူတစ်ခုရခဲ့သည်။ နှစ်ဆယ့်တစ်ရာစုနှစ် ဖွံ့ဖြိုးတိုးတက်မှုသစ်မုခ်ဦးမှာ။

ဆရာ၏ဆောင်းပါးထဲတွင် ၁၉၉၉ ခုနှစ် မေလ ၂၅ ရက်နေ့မှ ဇွန်လ ၁ ရက်နေ့အထိ ကိုရီးယားသမ္မတနိုင်ငံ၌ အာဆီယံနိုင်ငံများနှင့် ကိုရီးယားသမ္မတနိုင်ငံတို့ ပူးတွဲဆွေးနွေးခဲ့ကြသော "နှစ်ဆယ့်တစ်ရာစုကာလအတွင်း ယဉ်ကျေးမှုထွေပြားခြားနားမှု" (The Cultural Diversity In The 21 st Century) ခေါင်းစဉ်ပါအကြောင်းအရာ တော်တော်များများ ပါဝင်သည်။ ရပ်ပိုင်းဆိုင်ရာကြီးပွားချမ်းသာမှု၌ ထိပ်ရောက်နေသည့် နိုင်ငံအများအပြားသည် မျှော်လင့်မထားမိသော လူမှုရေး၊ စာရိတ္တရေး၊ စိတ်ဓာတ်ရေးဆိုင်ရာ ပြဿနာသစ်များ ရင်ဆိုင်နေကြရပုံ၊ ယဉ်ကျေးမှုသည် ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်၏ အစိတ်အပိုင်းတစ်ရပ်သာမဟုတ်တော့ဘဲ ဖွံ့ဖြိုးတိုးတက်မှုကိုယ်၌က ယဉ်ကျေးနေရန်လိုအပ်ပုံ၊ အဆိုပါ ယဉ်ကျေးသော ဖွံ့ဖြိုးတိုးတက်မှုကသာ နှစ်ဆယ့်တစ်ရာစုကြီးကို ငြိမ်းချမ်းသောရာစုနှစ် (The Century of peace) အဖြစ် အာမခံချက်ပေးနိုင်ပုံ စသည်တို့နှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးချက်အချို့ကို ထည့်သွင်းဖော်ပြထားသည်။

ဆက်လက်၍ ကိုရီးယားသမ္မတနိုင်ငံအနေဖြင့် ၁၉၅၃ ခုနှစ် စစ်ပွဲအပြီးပြာပုံအဖြစ်သာ ကျန်ခဲ့သောအခြေအနေမှ လက်ရှိအခြေအနေသို့ရောက်အောင် နှစ်ပေါင်း ၄၀ အတွင်း ကြိုးစားရုန်းကန်ခဲ့ကြကြောင်း၊ ထိုသို့ ကြိုးစားရပ်တည်နိုင်မှုအတွက် ကိုရီးယားသမ္မတနိုင်ငံသားတို့က ဂုဏ်ယူကြကြောင်း၊ ဆွေးနွေးပွဲတွင် ပါဝင်သော ကိုရီးယား ပါမောက္ခကြီးတစ်ဦးကဆိုလျှင် "၁၉၅၃ ခုနှစ်အထိ ကျွန်တော်တို့နိုင်ငံဟာ ဆင်းရဲပြီး ခေတ်နောက်ကျကျန်ရစ်တဲ့ နိုင်ငံလေးပါပဲ၊ တိုင်းတစ်ပါးသားတွေက ကျွန်တော်တို့ကို ပျင်းရိပြီး ဝီရိယမရှိတဲ့ သူတွေလို့တောင် ခေါ်ခဲ့ကြတာကလား။ အဲဒါတွေကိုပြုပြင်ပြီး ကျွန်တော်တို့ ကြိုးစားခဲ့ကြတယ်ဗျာ" ဟု ပြောသွားကြောင်း၊ သို့သော် ဤမျှဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံသားတို့ စိတ်မချမ်းမမြေ့ဖြစ်နေကြရသည်မှာ ပြင်ပ ပယောဂများကြောင့် သူတို့နိုင်ငံ နှစ်ခြမ်းကွဲ နေရသည့်ကိစ္စပင်ဖြစ်ကြောင်း စသည်ဖြင့် အတုယူဖွယ်၊ သံဝေဂတရားရဖွယ်တို့ကို ရေးသားထား၏။

သူ့အသက်နှစ်ပေါင်း ၇၀ အတွင်း နိုင်ငံတော်တစ်ဝန်း ယခင်က သူရောက်ဖူးပြီးနေရာများ မယုံနိုင်လောက်အောင် ပြောင်းလဲနေသည်ကို တွေ့ရကြောင်း ပြောသည်။ မြို့သစ်ကြီးတွေ၊ အဆောက်အအုံသစ်ကြီးတွေ၊ လမ်းသစ်ကြီးတွေ၊ လုပ်ငန်းခွင်အသစ်ကြီးတွေ၊ ဆည်သစ်ကြီးတွေ အားလုံးသည် အကောင်းအတွက် ပြောင်းလဲခြင်း (Change for The Better)ဟု ထင်မြင်ချက်ပေးသည်။ ၂၁ ရာစုနိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် မုဒိတာစိတ်များ ဖိတ်အန်ကျလာမှုကို ဖော်ပြသည်။ ပြည်ပပယောဂများက နိုင်ငံတော်ကို အစိတ်စိတ်အမြွှာမြွှာပြိုကွဲအောင်၊ ပျက်စီးအောင် ကြံစည်အားထုတ်ပြုမူခဲ့လင့်ကစား၊ မပြိုမကွဲ မယိမ်းမယိုင် ခိုင်ခိုင်မာမာ ရပ်တည်နိုင်အောင် တိုင်းရင်းသားညီအစ်ကိုအားလုံး၏ သတိကြီးမှု၊ အရှည်မြော်မြင်တတ်မှုတို့အပေါ် ဝမ်းမြောက်စွာ ရည်ညွှန်းသည်။ လူမျိုးတစ်မျိုးတည်း၊ ဘာသာစကားတစ်ခုတည်း၊ ယဉ်ကျေးမှုတစ်ခုတည်းသာရှိသော နိုင်ငံတွင် စည်းလုံးညီညွတ်မှု တည်ဆောက်ရန် အခက်အခဲမရှိသကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်မှာကိုလည်း အံ့သြစရာ သိပ်မရှိကြောင်း၊ လူမျိုးပေါင်းစုံနေထိုင်ကြသော နိုင်ငံများ၏ သမိုင်းအခြေအနေ၊ အခက်အခဲအတားအဆီးများ၏ သဘာဝကြောင့် ဖွံ့ဖြိုးတိုးတက်မှုနှုန်း မတူညီနိုင်သည့်တိုင် စိတ်ပျက်အားငယ်ဖွယ် မရှိကြောင်း နှိုင်းယှဉ်ပြသည်။ ကျွန်တော်တို့ တိုင်းရင်းသားညီအစ်ကိုတွေ အဓိကအခက်အခဲတွေကို ကျော်နိုင်ခဲ့ပြီ။ ရရှိထားသော အောင်မြင်မှုတွေကို ပိုင်ပိုင်ဆုပ်ကိုင်ထားပြီး အနာဂတ်လမ်းပေါ်ဝယ် အမျိုးသားရေးမေတ္တာ၊ ကရုဏာ၊ မုဒိတာတွေနှင့် ကျွန်တော်တို့ လျှောက်လှမ်းကြပါစို့ဟူ၍လည်း တိုက်တွန်းဆန္ဒပြုသွားခဲ့သည်။

ဆရာ တက္ကသိုလ်ဘုန်းနိုင် ကွယ်လွန်ခဲ့ပြီ။

နှစ်ဆယ့်တစ်ရာစုနှစ် မုခ်ဦးဆီသို့ နိုင်ငံတော်၏ အဝင်ခရီးကိုကြိုတင်မှန်းဆပုံဖော်ကြည့်မြင် ခံစားသွားခဲ့သည်။ နုနုရွရွအချစ်အလွမ်း ရသဝတ္ထုများဖွဲ့ဖွဲ့နွဲ့နွဲ့ ရေးခဲ့သူပီပီ သံယောဇဉ်ကြိုးဟုအမွှမ်းပြု၏။ တစ်နည်းအားဖြင့်ဆိုလျှင် အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး။

ဆရာသက်ရှိထင်ရှားရှိခဲ့စဉ်က မယုံကြည်နိုင်လောက်အောင် တွေ့မြင်ခဲ့ရသည်ဆိုသော ပြောင်းလဲဖြစ်ပေါ်တိုးတက်မှုများတွင် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး အခန်းကဏ္ဍမှာ မည်သည့်ခေတ်အခါတွင်မှ မရရှိခဲ့ဖူးသေးသော အောင်မြင်မှုပေတည်း။ လက်တွေ့အားဖြင့်လည်း ကျွန်တော်တို့သည်သံသယများ၊ အာဃာတများ၊ အမုန်းများ၊ အငြိုးအတေးများ လုံးဝမပါသည့် သံယောဇဉ်ကြိုးတစ်ချောင်းကို ရယူပိုင်ဆိုင်ခဲ့ကြပေပြီ။ ထိုသံယောဇဉ်ကြိုးကို ထပ်ပိုး၍ လွှန်းတင်နိုင်မည့် အခြေအနေကောင်းတစ်ရပ်အား ကျွန်တော်တို့ တွေ့မြင်နေရပြန်ပေပြီ။ ထိုအရာမှာ ကရင်ပြည်နယ်ကြီးတစ်ခုလုံး အေးချမ်းသာယာစေဖို့ ထောက်ကူမှုပြုပေးမည့် သံယောဇဉ်ကြိုးတစ်မျှင်။

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ကရင်ပြည်နယ် ဘားအံမြို့၌ ဘားအံတက္ကသိုလ် ပင်မဆောင်ဖွင့်ပွဲ အခမ်းအနားကျင်းပခဲ့သည်။ ထိုဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ခဲ့သော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ အမှာစကားများထဲမှာ အောက်ပါအချက်များသည် ကရင်ပြည်နယ်သူ၊ ပြည်နယ်သားများသာမက နိုင်ငံသားအားလုံးအတွက် စိတ်ချမ်းမြေ့စရာ ဖြစ်ခဲ့ရသည်။

- **ယခုအခါ ကရင်ပြည်နယ်ကြီးတစ်ခုလုံး တည်ငြိမ်အေးချမ်းလာစေရန် နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်နေရဆဲ အခြေအနေ၌ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးကလည်း လိုလားတောင့်တနေခြင်းကြောင့် အခြေအနေကောင်းများ ဖြစ်ထွန်းလာတော့မည်ဟု မျှော်မှန်း၍ရနေပြီဖြစ်ကြောင်း၊**
- **နိုင်ငံတော်အစိုးရအနေဖြင့် မိသားစုတစ်စုတည်းမှ ပေါက်ဖွားလာသည့် သွေးချင်းသားရင်း ညီအစ်ကိုများကြား နှစ်ပေါင်းထောင်ချီ စွဲမြဲဖြစ်ထွန်းလာခဲ့သည့် စည်းလုံးညီညွတ်မှု အစဉ်အလာကောင်းများ ပြန်လည်ဖြစ်ထွန်းလာစေရန် မလျှော့သောဇွဲလုံ့လဖြင့် ဆက်လက်ကြိုးပမ်းလျက်ရှိကြောင်း၊ ဘေးပယောဂ သွေးခွဲသပ်လျှိုမှုများကို အမျိုးသားရေးကိုယ်ခံအားအပြည့်အဝဖြင့် တွန်းလှန်ဖယ်ရှားပြီး မိမိတို့ သွေးချင်းသားရင်းများအကြား အပြန်အလှန် နားလည်စာနာမှု၊ အပြန်အလှန်လေးစားယုံကြည်မှု၊ အပြန်အလှန် ရိုးသားဖြောင့်မတ်မှု၊ စိတ်ကောင်းစေတနာထားရှိမှုတို့ကို ခိုင်ခိုင်မြဲမြဲ တည်ဆောက်ကြမည်ဆိုလျှင် ကရင်ပြည်နယ်ကြီးသည်လည်း မကြာမီသော ကာလတွင် အခြားသော ပြည်နယ်၊ တိုင်းများနည်းတူ အပြည့်အဝငြိမ်းချမ်းသာယာလာတော့မည်မှာ မလွဲဧကန်ပင်ဖြစ်ကြောင်း၊**

သံယောဇဉ် လွှန်းတင်သည့်ကြိုးသည်-

မိမိတို့သွေးချင်းသားရင်း ညီအစ်ကိုများ၏ နှလုံးအိမ်တွင် သန္ဓေတည်သည်။

အပြန်အလှန်နားလည်စာနာမှု၊ အပြန်အလှန် ယုံကြည်လေးစားမှု၊ အပြန်အလှန် ရိုးသားဖြောင့်မတ်မှု၊ စိတ်ကောင်းစေတနာထားရှိမှုတို့ဖြင့် ပေါင်းစည်းနှောင်ဖွဲ့ထားသည်။

ထိုသံယောဇဉ်ကြိုးဖြင့် သွေးချင်းသားရင်း ညီအစ်ကိုများအကြား နှစ်ပေါင်းထောင်ချီ စွဲမြဲဖြစ်ထွန်းလာခဲ့သည့် စည်းလုံးညီညွတ်မှု အစဉ်အလာကောင်းများကို မပျောက်မပျက်၊ မယိုင်မလဲ၊ မပြိုမကွဲရလေအောင် စည်းနှောင်ကြပါစို့။

ဘေးပယောဂ သွေးခွဲသပ်လျှိုမှုများကို ပိုင်းခြားတားဆီး ကာကွယ်ကြပါစို့။ ။

ရွှေမင်းဝံသာသနာ့ရိပ်သာ ဂုဏ်ပြုချီးကျူးပူဇော်ပွဲ

ရန်ကုန် မတ် ၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ အဂ္ဂမဟာသီရိ သုဓမ္မသိင်္ဂီဘွဲ့တံဆိပ် ချီးမြှင့်ခြင်းခံရသည့် ဒေါ်နီ(ရွှေသံလွင်ကုမ္ပဏီ နာယက)နှင့် သီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ် ချီးမြှင့်ခြင်းခံရသည့် ဒေါ်တင်တင်ဝေ (ရွှေမင်းဝံသာသနာ့ရိပ်သာ ပုညသီ အမျိုးသမီးဝေယျာဝစ္စအဖွဲ့၊ ဒုဥက္ကဋ္ဌ)တို့အား ရွှေမင်းဝံသာသနာ့ရိပ်သာ(ဗဟန်း) ပုညသီဝေယျာဝစ္စအဖွဲ့မှကြီးမှူး၍ ထပ်ဆင့်ချီးကျူးဂုဏ်ပြုပွဲကို မတ် ၁၀ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈ နာရီတွင် ရွှေမင်းဝံသာသနာ့ရိပ်သာ၌ ကျင်းပမည်ဖြစ်သည်။ (က-ပ)

မဂ္ဂင်ကျောင်းတိုက် ခုနစ်ရက်တရားစခန်း ဖွင့်မည်

ရန်ကုန် မတ် ၈

ရန်ကုန်တိုင်း တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် ပင်ရွှေညောင်လမ်းရှိ အရိယာမဂ္ဂင် ကမ္မဋ္ဌာန်းကျောင်းတိုက်၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တနန္ဒိယက မဟာသကြိန်ရက်များအတွင်း ဗုဒ္ဓအမွေအနှစ် တရားတော်များကို ဟောကြားတော်မူမည်ဖြစ်သည်။ ကျောင်းတိုက်ဝင်းအတွင်း တည်ထားကိုးကွယ်လျက်ရှိသော နွားလည်ဘို့ပုံတူစေတီ၊ ဆန္ဒအောင်စေတီတို့၏ ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း၊ ဆရာတော်ကြီးအား (၂၆)ကြိမ်မြောက် သိက္ခာထပ်ခြင်းအလှူနှင့် ဧပြီ ၁၀ ရက်တွင် တရားစခန်း ဖွင့်မည်ဖြစ်ရာ တရားစခန်း ဝင်လိုသူယောဂီများ ကျောင်းတိုက်အကျိုးဆောင်များ ဖြစ်ကြသည့် ဦးခင်မောင်စိုး၊ ဦးဟုတ်ဝင်း၊ ဦးရဲဒင် တို့သို့ ကြိုတင်၍ စာရင်းပေးနိုင်ကြောင်း သိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၉-၃-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄:၁၅** ၄။ လက်စွမ်းပြဟန်ဂီတသံ
- **၄:၂၅** ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
- **၄:၃၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၄:၅၀** ၇။ မျိုးချစ်တပ်မတော်
- **၅:၀၀** ၈။ **အသေးသင်ပညာရေးပို့ချမှု အစီအစဉ်** Inportance of micro business in economic development (အိမ်တွင်းစီးပွား)
- **၅:၃၀** ၉။ စက်မှုနိုင်ငံဖြစ်ထွန်းဖို့ နိုင်ငံသားတိုင်း ကြိုးပမ်းစို့
- **၅:၄၅** ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၂။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၃။ မိုးလေဝသသတင်း
- **၆:၂၅** ၁၄။ မြန်မာ့ရှုခင်း
- **၆:၄၀** ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း " အချစ်လေပြည် " (အပိုင်း-၂၃)**
- **၈:၀၀** ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၁၉။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၀။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၂၁။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း " သစ္စာမဏ္ဍိုင် " (အပိုင်း-၁၉)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

ပညာရာမ ကျောင်းတိုက် ခုနစ်ရက် တရားစခန်း

ရန်ကုန် မတ် ၈

ရန်ကုန်တိုင်း သာကေတမြို့နယ် ၁၀/တောင် (၁၁)ရပ်ကွက်(ရန်ကုန် သန်လျင် တံတားထိပ်) ပညာရာမကျောင်းတိုက် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာတွင် ခုနစ်ရက် တရားစခန်းကို ဧပြီ၁ရက်မှ၇ရက်အထိကျင်းပမည်ဖြစ်သည်။ တရားစခန်းပွဲတွင် တောင်ကုတ်မြို့နယ် ဓာတ်တော်တောင် သာသနာပြုပဋ္ဌာန်းဆရာတော် ဦးဓမ္မိက (ဓမ္မာစရိယ)အရှင်သူမြတ်နှင့် အဖွဲ့ချုပ်ဓမ္မကထိက ဆရာဦးအောင်မွန်(သုဝဏ္ဏ)တို့က သစ္စာလေးပါးတရားတော်များကို ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူ ယောဂီများ ကြိုတင်စာရင်းပေးသွင်းကြရန်နှိုးဆော်ထားသည်။ (က-ပ)

စက်မှုစွမ်းအား ခေတ်ကျော်လွှား



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အိုင်အယ်လ်အိုညွှန်ကြားရေးမှူးချုပ်၏ အထူးအကြံပေး ပုဂ္ဂိုလ်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန် မတ် ၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အိုင်အယ်လ်အို ညွှန်ကြားရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Francis Maupainနှင့်အဖွဲ့ဝင်များအား ယနေ့ညနေ ၅နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဗေယျာသိရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးတင်ဝင်း၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းတို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

လက်ခံတွေ့ဆုံ

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် အိုင်အယ်လ်အို ညွှန်ကြားရေးမှူးချုပ်၏ အထူးအကြံပေး ပုဂ္ဂိုလ် Mr. Francis Maupain နှင့်အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဗေယျာသိရိဗိမာန် ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ စစ်တုရင်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် ပြည်ထဲရေး ဝန်ကြီးဌာန ၂၀၀၄ခုနှစ် ပထမအကြိမ် အပြည်ပြည်ဆိုင်ရာ စစ်တုရင်ပြိုင်ပွဲ ဆုပေးပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်စဉ်။ (ပြည်ထဲရေး)

ရန်ကုန် မတ် ၈

ပြည်ထဲရေးဝန်ကြီးဌာန ၂၀၀၄ ခုနှစ် ပထမအကြိမ် အပြည်ပြည်ဆိုင်ရာ စစ်တုရင်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ယနေ့ နံနက် ၁၁နာရီခွဲတွင် ဗဟန်းမြို့နယ်ဆရာစံလမ်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင် တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ စစ်တုရင်ပြိုင်ပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာန အောက်ရှိ တပ်ဖွဲ့နှင့်ဦးစီးဌာနများမှ အသင်းရှစ်သင်း၊ ပြိုင်ပွဲဝင်အားကစားသမား ၄၈ဦး ဝင်ရောက်ယှဉ်ပြိုင်ရာ အသင်းလိုက် ပုံမှန်ပြိုင်ပွဲပထမဆုကို မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်းကလည်းကောင်း၊ ဒုတိယဆုကိုအကျဉ်းဦးစီးဌာနက လည်းကောင်း၊ တတိယဆုကို အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနက လည်းကောင်း ရရှိကြပြီး၊ အမြန်ပြိုင်ပွဲပထမဆုကို အကျဉ်းဦးစီးဌာန ကလည်းကောင်း၊ ဒုတိယဆုကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က လည်းကောင်း၊ တတိယဆုကို အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနက လည်းကောင်းရရှိကြသည်။တံခွန်စိုက်ဗိုင်းဆုကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ အသင်းကရရှိပြီး ဆုကို ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က ပေးအပ်သည်။

(သတင်းစဉ်)

သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ပဲခူး၊ စစ်ကိုင်းနှင့် မန္တလေးတိုင်းတို့၌ လုပ်ငန်းများစစ်ဆေး

ရန်ကုန် မတ် ၈

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်နှင့် မြန်မာ့သစ်လုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါ၍ မတ် ၅ ရက်တွင် ဖြူးမြို့နယ် ညောင်ပင်သာရှိ အမှတ်(၁၀၄) သစ်စက်သို့ရောက်ရှိ၍ ညှိခန်းမ၌ စက်ရုံမှူးနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးသည် စက်ရုံအတွင်း စက်လည်ပတ်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ထိုမှတစ်ဆင့် ဝန်ကြီးသည် တောင်ငူမြို့နယ် မြေစေးသစ်ဆိပ်သို့ရောက်ရှိရာ တာဝန်ခံအရာရှိက လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးနှင့်အဖွဲ့သည် သစ်ဆိပ်အတွင်း ကြည့်ရှုစစ်ဆေးသည်။

သင်တန်းကျောင်း

ဝန်ကြီးနှင့်အဖွဲ့သည် မတ် ၆ရက်တွင် ရေတာရှည်မြို့နယ် နန်ချွန်ရှိ မြန်မာ့သစ်လုပ်ငန်း လေ့ကျင့်ရေးသင်တန်းကျောင်း အမှတ်(၁)သို့ရောက်ရှိရာ သင်တန်းကျောင်းခန်းမ၌ ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက သင်တန်းများဖွင့်လှစ်ပို့ချမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက သင်တန်းသားများ အရည်အချင်း မြင့်မားရေးနှင့်စပ်လျဉ်း၍ မှာကြားကာ ကျောင်းအတွင်းကြည့်ရှုစစ်ဆေးသည်။

အထပ်သားစက်ရုံ

ဝန်ကြီးသည် မတ် ၇ရက်တွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးတင်မောင်အုန်းနှင့် တာဝန်ရှိသူများလိုက်ပါ၍ မုံရွာမြို့ရှိ အမှတ်(၅) အထပ်သားစက်ရုံသို့ရောက်ရှိရာ ညှိခန်းမ၌ စက်ရုံမှူးနှင့် တာဝန်ရှိသူများက စက်ရုံ၏လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက ကုန်ထုတ်လုပ်မှုတိုးတက်ရေး နည်းလမ်းရှာဖွေဆောင်ရွက်ကြရန် မှာကြားကာ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် အမှတ်(၁) သစ်ပါးလွှာစက်ရုံကို ကြည့်ရှုစစ်ဆေးပြီး အမှတ်(၇၅) သစ်စက်သို့ သွားရောက်၍ စက်ရုံမှူး၏ ကုန်ထုတ်လုပ်မှုအခြေအနေများ ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက လိုအပ်သည်များကိုမှာကြားကာ စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးသည်။

သစ်တောပျိုးဥယျာဉ်

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မုံရွာမြို့ရှိ မင်းဒေါင့် သစ်ဆိပ်သို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ သစ်ဆိပ် တာဝန်ခံက လုပ်ငန်းအဆင့်ဆင့်ကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးသည် သစ်ရောက်ရှိမှု အခြေအနေများကို သစ်ဆိပ် အတွင်း ကြည့်ရှုစစ်ဆေးသည်။ ထို့မှတစ်ဆင့် ဝန်ကြီးသည် စစ်ကိုင်းမြို့နယ် ကောင်းမှုတော် အမြဲတမ်းသစ်တော ပျိုးဥယျာဉ်သို့ရောက်ရှိရာ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းက လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြပြီး စိုက်ပျိုးရာသီအမီ ပျိုးပင်များ ပျိုးထောင်ထားရှိရေး၊ စဉ်ဆက်မပြတ် ပျိုးထောင်ရေးအတွက် သစ်စေ့များ အချိန်မီစုဆောင်းရေး၊ လူထုဖြန့်ဝေရေးတို့နှင့် ပတ်သက်၍မှာကြားကာ ပျိုးဥယျာဉ်အတွင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် စစ်ကိုင်းမြို့ ပတ္တမြားစက်မှုဇုန်ရှိ တံခွန် သစ်အခြေခံစက်မှုလက်မှုကုမ္ပဏီ လီမိတက်စက်ရုံနှင့် စစ်ကိုင်းသစ်ဆိပ်တို့ကိုလည်း သွားရောက်ကြည့်ရှု စစ်ဆေးခဲ့သည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်း ဆရာတော်၊ သံဃာတော်များအား သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

❀ **ရွှေဖုံးမှ**

ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၏ ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွဲ့၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်းနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၏ ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၏ ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၏ ဇနီး၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး၊ သာသနာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုနှင့် တာဝန်ရှိသူများ၊ အလှူဒါယကာဒါယိကာမများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြည်ညိုကြသည်။

ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ နိကာယ်ငါးရပ်၊ ပိဋကသုံးပုံ စာသင်တိုက်ကြီး၏ ဦးစီးပဓာန မဟာနာယက ကျေးဇူးရှင် သက်တော်ရှည် မြင်းခြံဆရာတော်ကြီး ဘဒ္ဒန္တ သောဘိတ၏ ကိုယ်စား ဒုတိယဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ သရက်ဆရာတော် ဘဒ္ဒန္တ ကေသရထံမှ နိုင်ငံတော်

ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့ ဆရာတော်၊ သံဃာတော်များအား သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွဲ့ ဆရာတော်၊ သံဃာတော်များအား သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ အခမ်းအနားကို နမော တဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။ ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့

အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်အမှူးပြုသော

ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော် အရှင်သူမြတ်တို့က မေတ္တာသုတ် အစရှိသော ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ သရက်ဆရာတော် ဘဒ္ဒန္တ ကေသရ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ ဆရာတော် သံဃာတော်များထံ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်က လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်း၊ ဇနီးတို့က ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

သာသနာ့အာဇာနည်

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်က သာသနာ့အာဇာနည် အရှင်သူမြတ် နှစ်ပါး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ ဆရာတော်၊ သံဃာတော်များအား သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဇနီးဒေါက်တာ ဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ ဇနီးဒေါ်ခင်လေးသက်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွဲ့၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်းနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၏ ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၏ ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၏ ဇနီးနှင့်ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၏ ဖြစ်ကြသည့် အဂ္ဂမဟာအကျော် ဘဒ္ဒန္တ သုနန္ဒနှင့် မဇ္ဈိမနိကာယဝိဒူ ဘဒ္ဒန္တ ဇာနေယျတို့ထံ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် သာသနာ့အာဇာနည် အရှင်သူမြတ်နှစ်ပါးတို့၏ ရဟန်းဒါယကာ၊ ရဟန်းဒါယိကာမများက သာသနာ့အာဇာနည် အရှင်သူမြတ်နှစ်ပါးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ရွတ်ပွားပူဇော်

ဆက်လက်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ကျေးဇူးတော်ရှင် သက်တော်ရှည် မြင်းခြံဆရာတော်ကြီး ဘဒ္ဒန္တ သောဘိတအား သက်တော်ရာကျော်ရှည်ပါစေကြောင်း ဆုတောင်းပတ္ထနာ ဂါထာတော်များကို တိုင်းသံဃနာယကအဖွဲ့ဝင် နိကာယ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ ဇနီး ဒေါ်ခင်လေးသက် ဆရာတော်၊ သံဃာတော်များအား သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ၊ ဧည့်ပရိသတ်များက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ကျေးဇူးတော်ရှင် သက်တော်ရှည် မြင်းခြံဆရာတော်ကြီး ဘဒ္ဒန္တ သောဘိတ၏ သက်တော်(၉၅)နှစ်မြောက် မွေးနေ့တော် ဝိဇာတပူဇာ မင်္ဂလာ၊ စာသင်တိုက်တည် (၁၀)နှစ်ပြည့် နှစ်ပတ်လည် မင်္ဂလာနှင့် သာသနာ့အာဇာနည် အရှင်မြတ်တို့အား ဂုဏပူဇာမင်္ဂလာ အခမ်းအနားတွင် ဆရာတော်ကြီး ကိုယ်စား ဒုတိယဥက္ကဋ္ဌ သရက်ဆရာတော် ဘဒ္ဒန္တကောသလ္လထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြစဉ်။ (သတင်းစဉ်)

စီးပွားကူးသန်း ရှေ့သို့လှမ်း

➪ အတွင်းရေးမှူး(၂)မှ

ထိုသို့ပို့ဆောင်နှုတ်ဆက်ရာတွင် တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်များဖြစ်ကြသည့် ဗိုလ်ချုပ်ဝင်းမြင့်နှင့် ဗိုလ်မှူးချုပ်ဉာဏ်ဝင်း၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံ ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးသန်းအောင်၊ ပြန်လည်နေရာချထားရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်အောင်သိန်း၊ တပ်မတော်တပ်ထိန်းချုပ် ဗိုလ်ချုပ်စောလှနှင့် တပ်မတော် အရာရှိကြီးများ၊ တပ်မတော်ဘောလုံးနှင့် ဘော်လီဘောဆပ်ကော်မတီတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ စစ်သံမှူး Colonel Jasvinder Simgh Chopra တို့ ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာတပ်မတော်ဘောလုံးနှင့် ဘော်လီဘောအားကစားအဖွဲ့ မထွက်ခွာမီ တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အားကစားအဖွဲ့ဝင်များအား မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်ဧည့်ခန်းမ၌ တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။ (သတင်းစဉ်)

ငါးရပ် ပိဋကသုံးပုံ စာသင်တိုက်ကြီး၏ စာချဂဏဝါစက ဆရာတော် ဘဒ္ဒန္တနရိန္ဒက ရွတ်ပွားပူဇော်သည်။

ဖတ်ကြားတော်မူ

ဆက်လက်၍ နိကာယ်ငါးရပ် ပိဋကသုံးပုံ စာသင်တိုက်ကြီး၏ အောင်မြင်တိုးတက်မှု မော်ကွန်းစာလွှာကို မြို့နယ်သံဃနာယကအဖွဲ့ဝင် နိကာယ်ငါးရပ် ပိဋကသုံးပုံ စာသင်တိုက်ကြီး၏ ဒုတိယ တိုက်အုပ်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တအရိယက ဖတ်ကြားတော်မူသည်။

ထို့နောက် သာသနာ့အာဇာနည် အရှင်သူမြတ် နှစ်ပါးဖြစ်ကြသည့် အဂ္ဂမဟာအကျော် ဘဒ္ဒန္တသုနန္ဒနှင့် မဇ္ဈိမနိကာယ ဝိဒူဘဒ္ဒန္တဇာနေယျတို့အား ဂုဏ်ပြုပူဇော်သည့် ထေရုပ္ပတ္တိ ရှစ်လုံးဘွဲ့ကဗျာကို အောင်ဇေယျဝတ်အဖွဲ့နှင့် နိကာယ်ရောင်တော်ဖွင့်ဝတ်အဖွဲ့တို့က ရွတ်ဆိုပူဇော်ကြသည်။

အနုမောဒနာ

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင် အမှူးပြုသော ဧည့်ပရိသတ်များသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရထံမှ အနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင် အမှူးပြုသော ဧည့်သည်တော်များသည် ဆရာတော်၊ သံဃာတော်၊ အရှင်သူမြတ်များအား သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း ဆရာတော်၊ သံဃာတော်များအား သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

လူသားအရင်းအမြစ် ဖွံ့ဖြိုးရေး လျှပ်စစ်ကျွမ်းကျင်မှု အထူးသင်တန်းဖွင့်

ရန်ကုန် မတ် ၈

အမှတ်(၁) စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် လျှပ်စစ်ကျွမ်းကျင်မှု အထူးသင်တန်းအမှတ်စဉ် (၁/၂၀၀၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ လျှပ်စစ်စစ်ဆေးရေးဌာန သင်တန်းခန်းမ၌ ကျင်းပရာ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်မှူးချုပ်သိန်းထွန်းနှင့် ဗိုလ်မှူးချုပ်ကျော်ဝင်း၊ ဦးစီးဌာန၊ လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးက နည်းပညာဖွံ့ဖြိုးတိုးတက်ရေး၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းအင်အရင်းအမြစ်များအား အကျိုးရှိစွာ အသုံးချနိုင်ရေးကို ရည်စူး၍ ယခုကဲ့သို့ အထူးသင်တန်းများကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ရာ သင်တန်းသားများအနေဖြင့် သင်တန်း၌ပို့ချသည့် ပညာရပ်များကို ဂရုပြုလေ့လာမှတ်သားပြီး လုပ်ငန်းခွင်၌ အကျိုးရှိစွာ အသုံးချသွားရေးမှာကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၅၉ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ လေးပတ်ဖြစ်သည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် ဒုတိယဝန်ကြီးများနှင့်အတူ နံနက် ၈ နာရီတွင် မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်း မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဆပ်ပြာစက်ရုံကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ဦးနှင့် စက်ရုံမှူးတို့က စက်ရုံနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီး၊ ဒုတိယဝန်ကြီးများသည် ဆပ်ပြာကုန်ကြမ်းနှင့် ဆီသန့်စက်ရုံစီမံကိန်းနှင့်စပ်လျဉ်း၍ မြေပုံကားချပ်ဖြင့် တိုက်ဆိုင်ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ဝန်ကြီး၊ ဒုတိယဝန်ကြီးများသည် စက်ရုံစီမံကိန်းသို့ ရောက်ရှိပြီး ရေစင်၊ စီမံကိန်းမြေနေရာများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။ (သတင်းစဉ်)

ယနေ့ထုတ်စောင်ရေ ၁၉၅၅၃၆

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၉-၃-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋက ဓရ၊ ဓမ္မဘဏ္ဍာ ဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ(ယောဆရာတော်)ဟောကြားတော်မူ အပ်သော ဥပ္ပါတသန္တိပါဠိတော်**
၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချို အေးမင်္ဂလာတေး
၇:၅၀ ၆။ ကဗျာပန်းဥယျာဉ်
၈:၀၀ ၇။ အတီးပြိုင်ပွဲ
၈:၁၀ ၈။ နှောင်းခေတ်တေးပဒေသာ
၈:၂၀ ၉။ ပုလင်းရေလှောင်တမံ
၈:၃၀ ၁၀။ International News.
၈:၄၅ ၁၁။ Grammar Made Easy.
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Everyday Use.
၄:၄၅ ၄။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ဆုရတေးများ (၂၀၀၂ခုနှစ်)
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (သတ္တဗေဒ၊ ရုက္ခဗေဒ အထူးပြုများ) (သတ္တဗေဒ)
၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၅:၂၀ ၇။ ခံစားနားဆင်တေးဇာတ်ဝင်
၅:၄၅ ၈။ (၅၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၅:၅၅ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၃၀ ၁၀။ ညနေခင်းသတင်း
၇:၀၀ ၁၁။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၂။ ကြေးမုံရိပ်သွင်တေးနှယ်ဉ်
၇:၂၀ ၁၃။ သားငါးဖွံ့ဖြိုးပြည့်အကျိုး
၇:၃၀ ၁၄။ တေးဂီတအစီအစဉ်
၇:၄၅ ၁၅။ (၅၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် (စစ်ချီစစ်ရေး စစ်တေးကဗျာ) (အပိုင်း–၂) (ဂီတလုလင် အကယ်ဒမီဦးကိုကိုနှင့် ယဉ်ကျေးမှုတက္ကသိုလ် ကျောင်းသားကျောင်းသူများ)
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ “အချစ်ဆိုသည်မှာ”(အပိုင်း–၈)**
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ နိုင်ငံတော်ရေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသား ပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။

၂။ နိုင်ငံတော် တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့် ချေမှုန်းရေး။

၃။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

သားငါးဖွံ့ဖြိုး ပြည့်အကျိုး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေတို့ထံ ၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြ အခမ်းအနားအတွက် ပထမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် အလှူရှင် ဆရာတော်ကိုယ်စား ဒါယကာတစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

(၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားအတွက် ပထမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၈

၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားအတွက် ပထမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး တက်ရောက်ချီးမြှင့်၍ အလှူငွေများ လက်ခံသည်။

တက်ရောက်

အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ (၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ်များဖြစ်ကြသည့် ဗိုလ်ချုပ်ဝင်းမြင့်နှင့် ဗိုလ်မှူးချုပ်ဉာဏ်ဝင်း၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်၊ တပ်မတော်နေ့ စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မင်းသိန်းနှင့် စစ်ကြောင်းမှူးများ၊ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ဒေါ်ခင်လေးသက်၊ ဒေါ်သန်းသန်းနွဲ့နှင့် ဒေါ်ခင်ခင်ဝင်း၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်စစ်သမိုင်းပြတိုက် ညွှန်ခန်းမ၌ မန္တလေးမြို့ ရန်ကင်းတောင်ခြေမှ မြကျောက်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမာစာရက လှူဒါန်းသည့် ငွေကျပ်သိန်း၉၀ တန်ဖိုးရှိ မြကျောက် ကမ္ဘာ့အဆင့်မြင့် သဘာဝရေသန့်ပုလင်း ၅၀၀၀၀ ကို ဆရာတော်၏တပည့်ဒါယကာများက ပေးအပ်လှူဒါန်းရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး တင်အေးနှင့် (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေတို့က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် ပထမအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားကို တပ်မတော်စစ်သမိုင်းပြတိုက် အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင်များဖြစ်ကြသည့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ငွေကျပ် ၃၅၃၀၀၀ တန်ဖိုးရှိ အပ်ချုပ်စက် ၁၀ လုံး၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်က ငွေကျပ် ၁၀သိန်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ငွေကျပ် ၁၀ သိန်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်က ငွေကျပ် ၁၀သိန်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာနက ငွေကျပ် ငါးသိန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဘဏ်လီမိတက်က ငွေကျပ် ငါးသိန်း၊ ကမ္ဘောဇဘဏ်လီမိတက်က ငွေကျပ် သိန်း ၃၀၊ မြန်မာယူနီဘာဆယ်ဘဏ်က ငွေကျပ်ငါးသိန်း၊ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်က ငွေကျပ် တစ်သိန်းနှင့် အာရှခနေဘဏ်လီမိတက်က ငွေကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး တင်အေးက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး ၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားအတွက် ပထမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

ဂုဏ်ပြုမှတ်တမ်းလွှာ

ဆက်လက်၍ အလှူရှင်များက အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းကြရာ (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ်များဖြစ်ကြသည့် ဗိုလ်ချုပ်ဝင်းမြင့်နှင့် ဗိုလ်မှူးချုပ်ဉာဏ်ဝင်း၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် တပ်မတော်နေ့ စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မင်းသိန်းတို့က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် အလှူရှင်များကိုယ်စား အလှူရှင်တစ်ဦးက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး (၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လှူဒါန်းမှုအတွက် ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှူဒါန်း

ယနေ့ကျင်းပသည့် ပထမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် အလှူရှင် ၈၂ဦးတို့က လှူဒါန်းငွေကျပ် ၃၇၂၀၇၀၀၀ နှင့် လှူဒါန်းမှုပစ္စည်း တန်ဖိုးငွေကျပ် ၂၅၅၇၀၅၀၊ စုစုပေါင်းငွေကျပ် ၆၂၇၂၄၀၅၀ ကို လှူဒါန်းကြသည်။ (သတင်းစဉ်)

(၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားအတွက် ပထမအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားတွင် ကျေးဇူးတင်စကား ပြောကြားစဉ်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့် သစ်တက်ကုန်း ရေလွှဲဆည် ရေသောက်ဧရိယာတိုးချဲ့ရေး စီမံကိန်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် သစ်တက်ကုန်းရေလွှဲဆည် ရေသောက်ဧရိယာတိုးချဲ့ရေးစီမံကိန်း ကြည့်ရှုစစ်ဆေး စီမံကိန်းပြီးစီးက နောက်ထပ်ရေသောက်ဧရိယာ ဧက ၆၀၀၀ ဆည်ရေပေးဝေနိုင်မည်

ရန်ကုန် မတ် ၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မတ် ၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ မန္တလေးတိုင်း တံတားဦးမြို့နယ်ရှိ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ နံနက် ၇ နာရီခွဲတွင် ရောက်ရှိပြီး လေဆိပ်တွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

သစ်တက်ကုန်းရေလွှဲဆည်

ထို့နောက်ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်နှင့်တာဝန်ရှိသူများလိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန တည်ဆောက်ရေး (၇) မှ တာဝန်ယူ တည်ဆောက်လျက်ရှိသည့် တံတားဦးမြို့နယ် သစ်တက်ကုန်း ရေလွှဲဆည်ရေသောက်ဧရိယာ တိုးချဲ့ရေးစီမံကိန်း ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိပြီး ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၇)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးထွန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ယာယီရှင်းလင်းဆောင်၌ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးထွန်းက သစ်တက်ကုန်း ရေလွှဲဆည် ရေသောက်ဧရိယာ တိုးချဲ့ရေးအတွက် လက်ရှိမြောင်းမကြီးအား ၁၀ ပေ အကျယ်မှ ၂၁ ပေ အကျယ်သို့ တိုးချဲ့ခြင်းနှင့် တူးမြောင်းမကြီး အလျား ၁၂ မိုင် တိုးချဲ့ခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှု အခြေအနေကို တင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တူးမြောင်းတစ်ပိုင်းပြီးတိုင်း ပြီးသည့်နေရာသို့ ဆည်ရေ ရောက်ရှိရေး၊ နွေသီးနှံစိုက်ပျိုးရေးနှင့် လာမည့် မိုးရာသီအမီ ပြီးစီးရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန်မှာကြားသည်။

တိုးချဲ့တူးဖော်

ထို့နောက်ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မိုင်တိုင်အမှတ် (၁၇)တွင် တူးမြောင်းသစ်တိုးချဲ့တူးဖော်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တူးမြောင်းအတိုင်းစစ်ဆေးပြီး မိုင်တိုင်အမှတ်(၁၅/၄)၌ တည်ဆောက်လျက်ရှိသည့် မဲဇလီရေငုပ်ပြွန် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းအချိန်မီပြီးစီးရေးအတွက် လိုအပ်သည်များကို မှာကြားသည်။

ထို့နောက်မိုင်တိုင်အမှတ်(၁၃/၄)၌ တူးမြောင်းမကြီးအား စက်ယန္တရားကြီးများဖြင့် တိုးချဲ့ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးရာ ဒုတိယညွှန်ကြားရေးမှူးဦးမျိုးထွန်းနှင့် ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အုန်းတို့က အသီးသီးရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မိုင်တိုင်အမှတ်(၁၂/၄)ရှိအောင်သာရေငုပ်ပြွန် တည်ဆောက်နေမှုကို လည်းကောင်း၊ မိုင်တိုင်အမှတ်(၁၁/၄)ရှိ လက်တံမြောင်းအမှတ်(၃)မှလယ်များသို့ ဆည်ရေများပေးဝေနေမှု၊ နွေစပါးစိုက်ပျိုးရန် ဆောင်ရွက်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံ

လက်တံမြောင်း အမှတ်(၃)မှ နွေစပါး၄၇ဧက စတင်စိုက်ပျိုးနေကြောင်း သိရသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် လက်တံမြောင်းအမှတ်(၃)မှ ဆည်ရေဖြင့်နွေစပါးစိုက်ပျိုးလျက်ရှိသည့် လယ်သမားကြီးများနှင့် တွေ့ဆုံပြီး စပါးစိုက်ပျိုးနိုင်သည့် လယ်မြေများတွင် စပါးတိုးချဲ့စိုက်ပျိုးရန်နှင့် စပါးမစိုက်ပျိုးနိုင်သည့်မြေများတွင် ဝါတိုးချဲ့စိုက်ပျိုးရန်မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မိုင်တိုင်အမှတ်(၁၁)ရှိ တိုက်ရိုက်ရေပေးပြွန် အမှတ်(၁)သို့ရောက်ရှိပြီး လယ်မြေများသို့ ဆည်ရေပေးဝေနေမှုကို ကြည့်ရှုစစ်ဆေးသည်။

တိုက်ရိုက်ရေပေးမြောင်း အမှတ်(၁)မှ ရေပေးဝေနိုင်မှုကြောင့် ယခင်က နွေစပါးဧက ၂၀သာ စိုက်ပျိုးနိုင်ခဲ့သော်လည်း ယခုအခါ နွေစပါး၆၃ဧကအထိ တိုးမြှင့်စိုက်ပျိုးရန် ပျိုးထောင်ထားရှိပြီးဖြစ်ကြောင်းသိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မိုင်တိုင်အမှတ်(၉/၇)ရှိ လက်တံမြောင်း အမှတ် (၂) သို့ ရောက်ရှိပြီး လယ်မြေများသို့ ရေပေးသွင်းမှုကို ကြည့်ရှုစစ်ဆေးသည်။

လက်တံမြောင်းအမှတ်(၂)မှ ဆည်ရေပေးဝေမှုကြောင့် လယ်မြေ ၈၁ ဒသမ ၅ ဧကတွင် နွေစပါးစိုက်ပျိုးရန် ပျိုးထောင်ထားရှိပြီးဖြစ်သည်။ ယခင်က အဆိုပါနေရာတွင် နွေစပါးစိုက်ပျိုးနိုင်မှုမရှိကြောင်း သိရှိရသည်။

ဆည်ရေပေးဝေမှု

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မိုင်တိုင်အမှတ်(၇/၄)ရှိ လက်တံမြောင်း အမှတ်(၁)သို့ ရောက်ရှိပြီး လက်တံမြောင်းမှ လယ်မြေများသို့ ဆည်ရေ ပေးဝေနေမှုကို ကြည့်ရှုစစ်ဆေးသည်။

လက်တံမြောင်းအမှတ်(၁)မှဆည်ရေပေးဝေမှုကြောင့် မနောသုခမျိုး နွေစပါးစိုက်ပျိုးရန် ဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် သစ်တက်ကုန်းရေလွှဲဆည်သို့ ရောက်ရှိကြပြီး ရေပေးရေတံခါးမကြီး နှစ်ခုမှ ဆည်ရေများပေးဝေနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် သစ်တက်ကုန်းရေလွှဲဆည် ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်အား ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အုန်းနှင့် တာဝန်ရှိသူများက သစ်တက်ကုန်း ရေလွှဲဆည်အတွင်း ရေဝင်ရောက်မှု၊ လယ်ယာမြေများသို့ ဆည်ရေပေးသွင်းနိုင်မှုတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဆည်ရေကိုအကျိုးရှိစွာ အသုံးချရေး၊ နွေစပါး၊ မိုးစပါးနှင့်ဝါတိုးချဲ့စိုက်ပျိုးရေးဆောင်ရွက်ရန် မှာကြားသည်။

ရေဝင်ရောက်မှု

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် သစ်တက်ကုန်းရေလွှဲဆည်တွင် ရေဝင်ရောက်မှု အခြေအနေကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

သစ်တက်ကုန်း ရေလွှဲဆည်သည် မန္တလေးတိုင်း ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် သစ်တက်ကုန်းကျေးရွာအနီးတွင်ရှိပြီး စမုံချောင်းကိုပိတ်၍ဆည်တည်ဆောက်ထားခြင်းဖြစ်ပြီး Broad Crested အတွင်းကိုယ်ထည် ကျောက်ဖြည့် သံကူကွန်ကရစ်အမျိုးအစားဖြစ်သည်။

ရေလွှဲဆည်အမြင့်မှာ ၁၂ပေခွဲရှိပြီး ရေလွှဲဆည်အလျားမှာ ပေ ၄၀၀ဖြစ်သည်။ ရေထိန်းတံခါးရှက် အမြင့် လေးပေခွဲနှင့် သဲထုတ်ရေတံခါးမှာ အလျား ရှစ်ပေ၊ အမြင့် ရှစ်ပေရှိ ရေတံခါးသုံးပေါက်ရှိသည်၊ ဒီဇိုင်းပြုရေစီးပမာဏမှာ ၄၂၀၂၀ ကုဗပေစက္ကန့်ဖြစ်ပြီးရေဆင်းဧရိယာမှာ၉၄၉ စတုရန်းမိုင်ဖြစ်သည်။

နောက်ထပ် ဧက ၆၀၀၀

သစ်တက်ကုန်း ရေလွှဲဆည် ရေသောက်ဧရိယာတိုးချဲ့ရေးစီမံကိန်းတွင် လက်ရှိ တူးမြောင်းမကြီးအရှည် ၁၅မိုင်အား အကျယ်၁၀ပေမှ ၂၁ပေသို့ တိုးချဲ့ခြင်းလုပ်ငန်းမှာ ၁၂မိုင် လေးဖာလုံပြီးစီးနေပြီး ပြီးစီးမှုရာခိုင်နှုန်းမှာ ၈၆ဒသမ ၃၇ ဖြစ်သည်။ တူးမြောင်းအရှည် ၁၃မိုင်တိုးချဲ့ဖောက်လုပ်ခြင်းလုပ်ငန်းမှာ နှစ်မိုင်တိုးချဲ့ ဖောက်လုပ်ပြီးစီးလျက်ရှိပြီး ပြီးစီးမှုရာခိုင်နှုန်းမှာ ၄၃ဒသမ ၁၁ဖြစ်သည်၊ ယင်းစီမံကိန်း ပြီးစီးပါက မူလရေသောက် ဧရိယာဧက ၅၀၀၀ ဆည်ရေပေးဝေနိုင်ရာမှ နောက်ထပ်ရေသောက်ဧရိယာဧက ၆၀၀၀ ဆည်ရေပေးနိုင်မည်ဖြစ်ကြောင်းသိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မန္တလေး–ရန်ကုန်ကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ ကျောက်ဆည်–မြစ်သားလမ်းပိုင်းမိုင်တိုင်အမှတ်(၃၈၅/၅)သို့ ရောက်ရှိကြပြီး လမ်းခင်းခြင်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ ဒုတိယ ဗိုလ်ချုပ်ကြီး ရဲမြင့်အား ဟုန်ပန်းကုမ္ပဏီလီမိတက် အထွေထွေမန်နေဂျာ ဦးစိုင်းဖိလစ်က လုပ်ငန်းဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဟုန်ပန်းကုမ္ပဏီလီမိတက်က မိုင်တိုင်အမှတ် (၃၈၀/၁)တွင် တည်ဆောက်လျက်ရှိသည့် ကွန်ကရစ်တံတား နှစ်စင်း တည်ဆောက်နေမှုကိုလည်းကောင်း၊ မိုင်တိုင်အမှတ် (၃၇၆)ဝမ်းတွင်းမြို့နယ် ကျွဲတပ်ရွာအနီးရှိ ဟုန်ပန်းကုမ္ပဏီ နိုင်လွန်ကတ္တရာ ကျိုချက်စခန်းကို ကြည့်ရှုစစ်ဆေးရာ ဦးစိုင်းဖိလစ်က ကတ္တရာများ၊ ကျောက်၊ သဲများ စုဆောင်းထားရှိမှုနှင့် ကတ္တရာကျိုစက်တပ်ဆင်လည်ပတ်မှုအခြေအနေနှင့် မကြာမီ နိုင်လွန်ကတ္တရာ စတင် ခင်းမည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ကျောက်ဆည်–မိတ္ထီလာလမ်းပိုင်း ကတ္တရာခင်းပြီးရေးအတွက် လိုအပ်သည်များ မှာကြားသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့သည် မိတ္ထီလာမြို့အဝင် မိုင်တိုင် (၃၄၉/၅)ရှိ Toll Gate တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာရာ မိတ္ထီလာမြို့သို့ မွန်းလွဲပိုင်းတွင် ရောက်ရှိကြသည်။ (သတင်းစဉ်)

ရန်ကုန်–နယူးဒေလီ–ရန်ကုန် လေကြောင်းခရီးစဉ်သစ် ပျံသန်းပြေးဆွဲရေး စည်းဝေး

ရန်ကုန် မတ် ၈

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းအနေဖြင့် လက်ရှိပျံသန်းပြေးဆွဲလျက်ရှိသော လေကြောင်းခရီးစဉ်များအပြင် မတ် ၁၅ ရက်မှ စတင်၍ အသစ်ထပ်မံပြေးဆွဲမည့် လေကြောင်း ခရီးစဉ်သစ်ပျံသန်းပြေးဆွဲရေးနှင့် အဆိုပါလေကြောင်း ခရီးစဉ်သစ် ပျံသန်းပြေးဆွဲပါက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိမည့် ခရီးသည်များ အဆင်ပြေချောမွေ့စေရေးအစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ကုန်သည်လမ်းရှိ ပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပို့ဆောင်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊အထူးအရာရှိ ဗိုလ်မှူးချုပ်မျိုးတင်၊လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြန်မာ့လေကြောင်း၊အပြည်ပြည် ဆိုင်ရာ မြန်မာလေကြောင်း၊ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဥက္ကဋ္ဌ၊လေဆိပ်လုံခြုံရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှမြင့်ဆွေက အမှာစကားပြောကြားသည်။ ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းဥက္ကဋ္ဌ ဦးမောင်မောင်အုံးက ရန်ကုန်–နယူးဒေလီ–ရန်ကုန် လေကြောင်းခရီးစဉ်သစ် ပျံသန်းပြေးဆွဲ မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာသည့် ပုဂ္ဂိုလ်များက တစ်ထောက်နားခရီးသည်များအတွက် အဆင်ပြေချောမွေ့စွာ လေယာဉ်စောင့်ဆိုင်းနားနေနိုင်ရေးနှင့်စပ်လျဉ်း၍ မိမိတို့ဌာနအသီးသီးမှ ဆောင်ရွက်ပေးနိုင်မည့် အစီအမံများကို အကျယ်တဝင့် ရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ အထူးအရာရှိ ဗိုလ်မှူးချုပ် မျိုးတင်နှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက်ပြည်တွင်းလေကြောင်းလိုင်းများဖြစ်သော မြန်မာ့လေကြောင်း၊ အဲမန္တလေးနှင့် ရန်ကုန်အဲဝေးစ် လေကြောင်းလိုင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကိုဆက်လက်ကျင်းပရာ ဝန်ကြီးက အမှာစကား ပြောကြားသည်။

ထို့နောက်ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်က ဖက်စပ်လေကြောင်းလိုင်းများ၏ သမိုင်းကြောင်းနှင့် လက်ရှိပျံသန်းပြေးဆွဲနေသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရန်ကုန်အဲဝေးစ်ဥက္ကဋ္ဌ ဦးတင်လှိုင်မိုးက လေကြောင်းလိုင်း လက်ရှိပျံသန်းပြေးဆွဲမှု အခြေအနေနှင့် ဆက်လက်ပြုပြင်ဆောင်ရွက်မည့် အစီအမံများကိုရှင်းလင်းတင်ပြသည်။ ထို့နောက် တက်ရောက်လာသည့် လေကြောင်းလိုင်း တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီး နိဂုံးချုပ် အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် – နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ် Mr. Koichi Kato နှင့်အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

✪ နိုင်ငံတော်ဝန်ကြီးချုပ်မှ

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် ဂျပန်အောက်လွှတ်တော်အမတ်နှင့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Yuji Miyamoto နှင့် သံမှူး Mr. Ichiro Maruyama တို့လည်း တက်ရောက်ကြသည်။

(သတင်းစဉ်)

သတ္တုတွင်းဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ကျောက်ပုထိုး ရွှေသတ္တုတွင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၈

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် အမှတ်(၂) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးလှသိန်းနှင့် တာဝန်ရှိသူများ လိုက်ပါ၍ မတ် ၆ရက် ညနေပိုင်းတွင် စစ်ကိုင်းတိုင်း ကောလင်းမြို့နယ် ကျောက်ပုထိုး ရွှေသတ္တုထုတ်လုပ်ရေး သတ္တုတွင်းသို့ ရောက်ရှိရာ ဝန်ကြီးနှင့်အဖွဲ့အား အထွေထွေမန်နေဂျာနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။ ဆက်လက်၍ ဝန်ကြီးသည် စက်ရုံအတွက် အဓိကလိုအပ်သော သတ္တုမြေစာတူးဖော်ရေး လုပ်ငန်းခွင်သို့ ဆက်လက်ထွက်ခွာခဲ့သည်။

ဘောအန္တရာယ်ကင်းရှင်းရေး

ဝန်ကြီးအား အထွေထွေမန်နေဂျာနှင့် တာဝန်ရှိသူများက သတ္တုသိုက်မြေစာတူးဖော်သည့် မိုင်းဒီဇိုင်း လက်ရှိဆောင်ရွက်နေမှုတို့အား ရှင်းလင်းတင်ပြကြသည်။ ဆက်လက်ပြီး တူးဖော်ရေးရှင်းလင်းဆောင်တွင် အဆင့်နိမ့်သတ္တုအောက်ဆိုဒ်များမှ ရွှေသီးခြားထုတ်လုပ်နိုင်မှုအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများရှင်းလင်းတင်ပြရာ ဝန်ကြီးက ပတ်ဝန်းကျင် ဘောအန္တရာယ်ကင်းရှင်းရေးနှင့် လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ကြိတ်ခွဲစက်ရုံသို့ ရောက်ရှိ၍ သတ္တုရိုင်းများ စုပုံထားရှိမှု ကြိတ်ခွဲနေမှုများအား ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားပြီး ကြိတ်ခွဲပြီးသတ္တုရိုင်း အရွယ်အစားအားကြည့်ရှုခြင်း Conveyor ဖြင့် Ball Mill သို့ပို့ဆောင်မှု Ball Mill ဖြင့် ကြိတ်ဝါးခြင်း Classifier ဖြင့် ထပ်မံစိစစ်ခြင်းတို့မှ အမြုပ်ဖော်သန့်စင်ခြင်းဖြင့် ရွှေဖမ်းယူခြင်း၊ သန့်စင်ပြီး ရွှေပါမြေစာများအား ဖမ်းယူခြင်းတို့အား အသေးစိတ်စစ်ဆေး၍ ကဏ္ဍအလိုက် ယိုဖိတ်မှုမရှိစေရေး၊ စက်ပစ္စည်းများ ရပ်တန့်မှုမရှိစေရေး၊ ကြံ့ခိုင်ရေး၊ ကျွမ်းကျင်သူများက စနစ်တကျ ကိုင်တွယ် ဆောင်ရွက်ရေးတို့အား မှာကြားသည်။

ရွှေသန့်စင်စက်ရုံ

ဆက်လက်၍ ကန့်ချွတ်စက်ရုံသို့ ရောက်ရှိစစ်ဆေးပြီး ထိုမှတစ်ဆင့် ရွှေကြမ်းချွတ်စင် စက်ရုံသို့ရောက်ရှိ၍ ကာဗွန်ဖြင့် ရွှေကြမ်းချွတ်ကန်များအား အသေးစိတ်လိုက်လံစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။ ဆက်လက်၍ ဝန်ကြီးသည် ရွှေသန့်စင်စက်ရုံသို့ ရောက်ရှိပြီး လျှပ်ကူးနည်းဖြင့် ရွှေသန့်စင်ထုတ်ယူမှုနှင့် သန့်စင်ပြီး ရွှေစင်တုံးနှင့် ရွှေပြားများအား စစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ထို့နောက်ဝန်ကြီးသည် စက်ရုံ Work Shop သို့ရောက်ရှိပြီး စက်ရုံမှ သွင်းကုန်အစားထိုး တီထွင်ထားရှိမှု၊ ပြန်လည်ပြုပြင်၍ မောင်းနှင်ရန်အသင့်ဖြစ်နေသော D 8 NBulldozer အား စစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ကျောက်ပါးစပ်ဒေသ

ဝန်ကြီးသည် တာဝန်ရှိသူများ လိုက်ပါ၍ မတ် ၇ ရက်နံနက်ပိုင်းတွင် ကျောက်ပုထိုးမှ ထွက်ခွာခဲ့၍ ဝန်းသိုမြို့နယ် ရွှေမင်းဝံကုမ္ပဏီဖြင့် ဖက်စပ်လုပ်ကိုင်နေသော ကျောက်ပါးစပ်ဒေသ ရွှေထုတ်လုပ်ရေးစခန်းသို့ ရောက်ရှိသည်။

ဆက်လက်၍ဝန်ကြီးသည် ရှင်းလင်းဆောင်တွင် ကျောက်ပါးစပ်ဒေသမှ လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ကုမ္ပဏီများ၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများက ရှင်းလင်းဖြေကြားပြီး ဝန်ကြီးက နိုင်ငံတော်မှချမှတ်ထားသော မူဝါဒများ၊ သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများ၊ သိမှတ်စရာများအား ရှင်းလင်းမှာကြား၍ ကျောက်ပါးစပ်လုပ်ကွက်၊ ယမ်းတိုက်ကုန်းလုပ်ကွက်၊ ဖိုးရွှေလှကုန်း လုပ်ကွက်တို့တွင် ရွှေသတ္တု တူးဖော်ထုတ်လုပ်နေမှု များအား လိုက်လံစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် အီတာနယ်မိုင်းနင်း ရှင်းလင်းဆောင်သို့ ရောက်ရှိ၍ ကျောက်ပုထိုးနယ်မြေတွင် ရွှေထုတ်လုပ်သူများနှင့် တွေ့ဆုံပြီး လုပ်ငန်းရှင်များ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ကျောက်ပုထိုးစက်ရုံသို့ ဆက်လက်ထွက်ခွာသည်။

ညနေပိုင်းတွင် ဝန်ကြီးသည် စက်ရုံခန်းမ၌ ကျင်းပသော ဝန်ထမ်းမိသားစုဆွေးနွေးပွဲသို့တက်ရောက်ပြီး ဝန်ထမ်းနှင့်မိသားစုများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ ဆက်လက်၍ ဝန်ကြီးက ကျောက်ပုထိုးစက်ရုံ၏ ရည်မှန်းချက်တာဝန်များအား ရိုးသားကြိုးစားစွာ ဆောင်ရွက်ရေး၊ ဝန်ထမ်းမိသားစု သက်သာချောင်ချိရေး၊ စနစ်တကျ ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက်ဝန်ကြီးသည် ဝန်ထမ်းများ၏သက်သာချောင်ချိရေးအတွက် ဆောင်ရွက်ထားသော ငါးမွေးမြူရေးကန်များ၊ စိုက်ပျိုးရေး၊ ဒေသကြက်မွေးမြူရေး၊ ဆိတ်မွေးမြူရေးတို့ကို လိုက်လံ၍စစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ (သတင်းစဉ်)

ဝန်ကြီးဗိုလ်ချုပ်လှထွန်းအား ဂျပန်အဖွဲ့ တွေ့ဆုံ

ရန်ကုန် မတ် ၈

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား ယနေ့ မွန်းလွဲ၂နာရီတွင် ဂျပန်နိုင်ငံမှ Nissho Iwai International (Singapore) Ltd. မှ Managing Director Mr. Hiroshi Kanemarsu နှင့် အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် ဝန်ကြီး၏ ဧည့်ခန်းသို့ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။

ယင်းသို့ တွေ့ဆုံရာတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့် သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။ (သတင်းစဉ်)

သတ္တုတွင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် စစ်ကိုင်းတိုင်း ကောလင်းမြို့နယ် ကျောက်ပုထိုး ရွှေသတ္တုထုတ်လုပ်ရေး သတ္တုတွင်း၌ ရွှေသန့်စင် ထုတ်လုပ်မှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဘဏ္ဍာရေးနှင့်အခွန် ဒုတိယဝန်ကြီး လုပ်ငန်းများလှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၈

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေသည် မတ် ၂ရက်တွင် မော်လိုက်မြို့သို့ ရောက်ရှိပြီး ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့အသေးစား ချေးငွေလုပ်ငန်းနှင့် ပြည်တွင်းအခွန်များ ဦးစီးဌာနတို့မှ ဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားသည်။

ဒုတိယဝန်ကြီးသည် မတ် ၅ရက်တွင် ကလေးမြို့နယ် ကလေးတပ်နယ်ခန်းမ၌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အောက်ရှိ ကလေးမြို့နှင့် ကလေးဝမြို့နယ်တို့မှဌာနဆိုင်ရာ ဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားသည်။

ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေသည်မတ် ၆ရက်မွန်းလွဲပိုင်းတွင် ကလေးမြို့မှ မန္တလေးမြို့သို့ လေယာဉ်ဖြင့် ရောက်ရှိလာပြီး ရေးဦးစွာပလိပ်မြို့ရှိ စက္ကူစက်ရုံကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မန္တလေးမြို့ ပြည်နယ်/တိုင်း အကောက်ခွန်ဦးစီးဌာန နယ်မြေ(၁)ရုံးသို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှုများကို စစ်ဆေးကြည့်ရှုခဲ့ပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်ထွက်ခွာလာရာ ဒုတိယဝန်ကြီးသည် ပြည်တွင်းအခွန်များ ဦးစီးဌာန မန္တလေးတိုင်း အခွန်ဦးစီးဌာနမှူးရုံးသို့ ရောက်ရှိလာပြီး အဆိုပါရုံး အစည်းအဝေးခန်းမ၌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ ခုနစ်ခုမှ ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးသည့် အခမ်းအနားသို့ တက်ရောက်သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မန္တလေးမြို့မှ စစ်ကိုင်းမြို့သို့ ဆက်လက်ထွက်ခွာခဲ့ပြီး စစ်ကိုင်းတိုင်း မြန်မာ့စီးပွားရေးဘဏ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

ဗဟန်းမြို့နယ် အမက(၁၀)၏ ၂၀၀၂/၂၀၀၃ခုနှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၇ရက်က ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမရရှိသော မောင်ရဲခိုင်ကျော်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်စိန်မြိုင် ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က–ပ)

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ အလိုတော်ပြည့် ဆရာတော်ကြီးအားပူဇော်

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ အလိုတော်ပြည့် ကျောင်းတိုက်များ၏ ပဓာနနာယက အလိုတော်ပြည့် ဓမ္မာစရိယ တက္ကသိုလ်အဓိပတိ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇမဟာဂန္ထဝါစကပဏ္ဍိတ အလိုတော်ပြည့် ဆရာတော် ဘဒ္ဒန္တ အရိယဝံသအား သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က ချီးကျူးဂုဏ်ပြုလွှာ ဆက်ကပ်စဉ်။
(သတင်းစဉ်)

ရန်ကုန် မတ် ၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ခံယူတော်မူသော အလိုတော်ပြည့် ဆရာတော်ကြီးနှင့် သာသနဓဇဓမ္မာစရိယနှင့် သာမဏေကျော်ဘွဲ့ရ သာသနာ့အာဇာနည်သံဃာတော်များ၊ သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ် အသီးသီးရရှိကြသော လူပုဂ္ဂိုလ်များအား အလိုတော်ပြည့် ဓမ္မာစရိယ တက္ကသိုလ်၊ အလိုတော်ပြည့်ကျောင်းတိုက် ဥပဋ္ဌာကအဖွဲ့နှင့် ဂေါပကအဖွဲ့တို့က ချီးကျူးပူဇော်ဂုဏ်ပြုသည့် ဂုဏာဝိသိဋ္ဌပူဇာအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စစ်တောင်းလမ်းရှိ အလိုတော်ပြည့် ဓမ္မာစရိယ တက္ကသိုလ် သုံးထပ်ကျောင်းတော်ကြီး၌ ကျင်းပသည်။

ဩဝါဒကထာ

အခမ်းအနားတွင် အလိုတော်ပြည့် ဆရာတော်ကြီးက ငါးပါးသီလ ချီးမြှင့်တော်မူပြီး ပုသိမ်မြို့ ပစ္ဆိမာရုံ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇာဂရိယက ဩဝါဒကထာ မိန့်မြွက်တော်မူသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က အလိုတော်ပြည့်ဆရာတော်ကြီးအား ချီးကျူးဂုဏ်ပြုလွှာ ဆက်ကပ်သည်။

ယင်းနောက် ရွှေတံဆိပ်အလှူရှင် ဥပဋ္ဌာကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းမြင့်နှင့် ဇနီး ဒေါ်ခိုင်ခိုင်ဦးတို့က အလိုတော်ပြည့်ဆရာတော်ကြီးအား ရွှေတံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်နှင့် ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့က ၂၀၀၃ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲတွင် သာသနဓဇဓမ္မာစရိယ၊၂၀၀၄ခုနှစ် အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ်ဓမ္မာစရိယစာမေးပွဲတွင် ပရိယတ္တိဓမ္မာနုဂ္ဂဟ ဓမ္မာစရိယ ဘွဲ့တို့ကို ရရှိကြသည့် သာသနာ့အာဇာနည်ရဟန်းတော်နှင့်ရှင်သာမဏေ ၁၂ ပါး၊ သာမဏေကျော်(တတိယဆင့်)ပါဠိထူးချွန်(တတိယ)နှင့် ၂၀၀၄ ခုနှစ် မင်္ဂလာဗျူဟာချီးကျူး ဂုဏ်ပြုဆုတံဆိပ်ရ ရှင်သာမဏေတစ်ပါးတို့ကို ပရိယတ္တိ ဓမ္မာနုဂ္ဂဟ ဘွဲ့လက်မှတ်ပုံများ ဆက်ကပ်လှူဒါန်းသည်။
(သတင်းစဉ်)

နို့ထုတ်လုပ်မှုဆိုင်ရာ ခေတ်မီနည်းပညာ ဖြန့်ဖြူးရေးနှင့် သင်တန်းစီမံကိန်း သဘောတူညီချက် လက်မှတ်ရေးထိုး

ရန်ကုန် မတ် ၈

ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)၏ အထောက်အပံ့ဖြင့် ဆောင်ရွက်မည့် တစ်ပိုင်တစ်နိုင်နို့ထုတ်လုပ်မှုဆိုင်ရာ ခေတ်မီနည်းပညာဖြန့်ဖြူးရေးနှင့် သင်တန်းလုပ်ငန်းစီမံကိန်း သဘောတူညီချက် လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ဒုတိယဝန်ကြီး ဦးအောင်သိန်း၊ ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် Mr. Tang Zhengping၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာဇော်ဝင်းမြတ်၊ လုပ်ငန်းစီမံကိန်းဦးဆောင်ကော်မတီဝင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွှန့်နှင့် ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် Mr. Tang Zhengping တို့က အမှာစကားပြောကြားကြပြီး သဘောတူညီချက်ကို လက်မှတ်ရေးထိုး လဲလှယ်ကြသည်။

လုပ်ငန်းစီမံကိန်းကာလမှာ ၂၀၀၄ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ (၂)နှစ်ဖြစ်ပြီး ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ အမေရိကန်ဒေါ်လာ ၃၁သမ ၅၆သိန်း ထောက်ပံ့မည်ဖြစ်သည်။

အဆိုပါစီမံကိန်းအရ ကျွဲ နွားနို့ကို အရည်အသွေးမပျက် တာရှည်စွာ ကိုင်တွယ်ထိန်းသိမ်းခြင်း၊ တန်ဖိုးမြင့် ထုတ်ကုန်ပစ္စည်းများအဖြစ် တစ်ပိုင်တစ်နိုင် ပြုပြင်ထုတ်လုပ်ခြင်းတို့နှင့် စပ်လျဉ်းသည့် ခေတ်မီနည်းပညာများကို မွေးမြူသူများ၊ နို့ဝယ်ယူစုဆောင်းရောင်းချသူများနှင့် ပြုပြင်ထုတ်လုပ်သူများအား မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လေ့ကျင့်ပညာပေးရေးသင်တန်းတွင်လည်းကောင်း၊ မွေးမြူထုတ်လုပ်သူများရှိရာသို့ ကွင်းဆင်း၍လည်းကောင်း သင်ကြား၊ ဆွေးနွေး၊ လက်တွေ့ပြသကာ နည်းပညာဖြန့်ဖြူးသွားမည်ဖြစ်သည်။

ယင်းလုပ်ငန်း စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် နို့အရည်အသွေးစစ်ဆေးခြင်း၊ အရည်အသွေးမပျက်သိုလှောင်ခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်းတို့နှင့် စပ်လျဉ်းသည့် ခေတ်မီနည်းပညာများကို တစ်ပိုင်တစ်နိုင် မိသားစုအလိုက် လက်တွေ့လုပ်ကိုင်နေသူများ သိရှိဆောင်ရွက်နိုင်မည်ဖြစ်၍ အရည်အသွေးပြည့်မီပြီး ဘေးအန္တရာယ်ကင်းရှင်းသော နို့နှင့် နို့ထွက်ပစ္စည်းများ တိုးတက်ထုတ်လုပ်နိုင်ရေး၊ ထွက်ကုန်ပစ္စည်းအမယ်သစ်များ တိုးချဲ့ထုတ်လုပ်နိုင်ရေးနှင့် ပြည်ပသွင်းကုန်အစားထိုး နိုင်ရေးတို့အတွက် အထောက်အကူများစွာ ရရှိမည်ဖြစ်သည်။ (သတင်းစဉ်)

လက်မှတ်ရေးထိုး

ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)၏ အထောက်အပံ့ဖြင့် ဆောင်ရွက်မည့် တစ်ပိုင်တစ်နိုင် နို့ထုတ်လုပ်မှုဆိုင်ရာ ခေတ်မီနည်းပညာဖြန့်ဖြူးရေးနှင့် သင်တန်းလုပ်ငန်းစီမံကိန်း သဘောတူညီချက် လက်မှတ်ရေးထိုးခြင်းအခမ်းအနားတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွှန့်နှင့် ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် Mr. Tang Zhengping တို့ လက်မှတ်ရေးထိုးကြစဉ်။
(မွေးမြူရေး)

* မူလတကောင်းမှ

ယဉ်ကျေးမှု ဝန်ကြီးဌာနသည် တကောင်းမြို့ဟောင်းဆိုင်ရာ သမိုင်းအချက်အလက်မှန်များကို လေ့လာဖော်ထုတ်နိုင်ရန် ဘူမိဗေဒပညာရှင်၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျွမ်းကျင်သူပညာရှင်များ၊ မြေလျှင်ဆိုင်ရာ ကျွမ်းကျင်သူပညာရှင်၊ ဇလဗေဒ ပညာရှင်၊ သမိုင်းပညာရှင်၊ ရှေးဟောင်းသုတေသနပညာရှင်တို့ ပါဝင်သောအဖွဲ့ဖြင့် ကွင်းဆင်းလေ့လာဖော်ထုတ်အတည်ပြုနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့သည်။

ယင်းအဖွဲ့ကို ရှေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွှန့်ဟန် ခေါင်းဆောင်ပြီး ရန်ကုန်တက္ကသိုလ် ဘူမိဗေဒဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာတင်သိန်း၊ တွဲဖက်ပါမောက္ခ ဒေါက်တာသူရဦး၊ သမိုင်းဌာန တွဲဖက်ပါမောက္ခ ဦးကိုကို၊ မိုးလေ ဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသိန်းထွန်း၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပညာရှင် ဦးဇော်အောင်နှင့် ဦးစိန်ထွန်း၊ မြေတိုင်းဦးစီးဌာန ကောင်းကင်ဓာတ်ပုံပညာရှင် ဦးကျော်ဆွေ၊ ပြင်ပသုတေသီဦးချစ်စံ (စာရေးဆရာ ချစ်စံဝင်း)၊ မြန်မာမှုပညာရှင် တမ္ပဝတီ ဦးဝင်းမောင်တို့က အဖွဲ့ဝင်များအဖြစ် ပါဝင်၍ အတွင်းရေးမှူးအဖြစ် ရှေးဟောင်းသုတေသနဦးစီးဌာန မန္တလေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးလှကြီးမောင်မောင်က ဆောင်ရွက်သည်။

သုတေသနပြု

ကွင်းဆင်း သုတေသနအဖွဲ့သည် ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၂၃ရက်မှ ၁၆ ရက်အထိ တကောင်းမြို့ဟောင်း၏ ပတ်ဝန်းကျင်ဒေသ၊ အင်းနက်ဒေသ၊ မြတောင်ဒေသ၊ တုံငယ်ဒေသ၊ ကြံညှပ်ဒေသ၊ မလည်ဒေသများသို့ ကွင်းဆင်းသုတေသနပြု လေ့လာခဲ့ကြသည်။ ကွင်းဆင်းသုတေသနအဖွဲ့နှင့်အတူ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် စိုးဝင်းမောင်လည်း လိုက်ပါ၍ အနီးကပ်ကြီးကြပ်မှုပြုခဲ့သည်။

ကွင်းဆင်းသုတေသနပြုချက်အရ ဧရာဝတီမြစ်ကြောင်းဟောင်းသည် မူလကတကောင်း၏ မြောက်ဘက် ၁၅မိုင်ခန့်အကွာ အင်းနက်တောင် မြေပုံညွှန်း (ခန့်မှန်းအမ်-၈၁၅၂၄၄)၏ တောင်ခြေမှစတင်၍ တောင်ဘက်သို့ တကောင်းတောင်ခြေအတိုင်း စီးဆင်းခဲ့ရာ သောင်ဖွက်တောင် မြေပုံညွှန်း (ခန့်မှန်းအမ်-၈၃၅၉၇၂)၏ အနောက်ဘက် တောင်ခြေအတိုင်း တောင်ဘက်သို့ ဆက်လက်စီးဆင်းပြီး မကျီးကုန်းရွာမြေပုံညွှန်း(ခန့်မှန်းအမ်-၇၂၁၀၄၉)နှင့် မင်းကုန်းရွာ (ခန့်မှန်းအမ်-၇၁၀၈၉၃)အကြားတွင် လက်ရှိမြစ်ကြောင်းအတိုင်း တောင်ဘက်သို့ ဆက်လက်စီးဆင်းခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

အဖြူရောင်မြစ်သဲ

ကွင်းဆင်းသုတေသနအဖွဲ့သည် အင်းနက်ကျေးရွာ ရွာဦးကျောင်းဆရာတော်အား ဝင်ရောက်ဖူးမြော်ရာ ဆရာတော်ဦးနန္ဒာသီရိက လွန်ခဲ့သောကိုးနှစ်ခန့်က ဘုန်းကြီးကျောင်းဝင်းအတွင်း ရေတွင်းတူးရာတွင် ပေအနက် ၃၀ခန့်မှ အင်ဖက်သစ်ရွက်ခြောက်များ၊ သစ်တုံးဆွေးများ၊ ယင်းမြေလွှာ၏ အောက်သို့ဆက်လက်တူးရာ ရေချိုခရုခွံများ တွေ့ရှိရကြောင်း မိန့်ကြားသည်။ အင်းနက်တောင်အနီး မြစ်ကြောင်းဟောင်းမှ သဲများကိုလေ့လာရာတွင် အဖြူရောင်မြစ်သဲများ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ယနေ့ အင်းနက်ချောင်းမှ သဲများကို လေ့လာရာတွင် ကရိမီယမ်သတ္တုများ၊ သံဓာတ်များရောနှောပါဝင်နေသည့်အတွက် ချောင်းသဲများမှာ အမည်းရောင်ရှိကြောင်း စိစစ်တွေ့ရှိရသည်။ ထို့အပြင် အင်းနက်ရွာမှ မြောက်ဘက်နှစ်မိုင်ခန့်အကွာရှိ ရေရှင်ချောင်းတွင်လည်း ဧရာဝတီမြစ်ကြောင်းဟောင်း၏ မြစ်ကျောက်တုံးများတွေ့ရှိရသည်။ ယင်းတွေ့ရှိချက်များအရ ဧရာဝတီမြစ်ကြောင်းဟောင်းသည် မူလက အင်းနက်တောင်ခြေမှ တောင်ဘက်သို့ ဖြတ်သန်းစီးဆင်းကြောင်း ခိုင်လုံစွာ လေ့လာတွေ့ရှိရသည်။

မြစ်ကျိုးအင်းများ

ကွင်းဆင်းသုတေသနပြုရာတွင် လက်ရှိတကောင်းမြို့၏ အရှေ့ဘက်တွင် မြစ်ကျိုးအင်းများအတန်းလိုက်ဖြစ်ပေါ်တည်ရှိနေသည်ကို တွေ့ရခြင်း၊ သဘာဝနန်းတာဟု ယူဆရသော ကုန်းတန်းငယ်များကို မြစ်ကြောင်းဟောင်းဘေးတွင် တွေ့ရှိရခြင်း၊ အရှေ့ဘက်သို့နိမ့်ဆင်းသွားသော မြစ်ပြုကမ်းဆင့်နှစ်ဆင့်ကို မြစ်ကြောင်းဟောင်း၌ တွေ့ရှိရခြင်းတို့ပေါ်မူတည်၍ လက်ရှိတကောင်းမြို့၏ အရှေ့ဘက်တွင် ရှေးကစီးဆင်းခဲ့သော ဧရာဝတီမြစ်ကြောင်းဟောင်းရှိခဲ့ကြောင်း အတည်ပြုပါသည်။ မြစ်ကြောင်းပြောင်းခဲ့သည့် အချိန်ကာလကိုလည်း လွန်ခဲ့သော နှစ် ၄၀၀၀မှ ၆၀၀၀အကြားဖြစ်မည်ဟု ဘူမိဗေဒပညာရှင်တို့က ခန့်မှန်းကြသည်။

ထို့ကြောင့်မြန်မာ့ရှေးဟောင်းမြို့ဖြစ်ခဲ့သော မူလတကောင်းသည် ဧရာဝတီမြစ်ကြောင်း မပြောင်းလဲမီကပင် လူနေစည်ကားထင်ရှားတည်ရှိလျက် လွန်ခဲ့သည့်နှစ်ပေါင်း ၄၀၀၀ကျော်ကာလကပင် ဧရာဝတီမြစ်၏အနောက်ဘက် လက်ရှိတကောင်းမြို့တစ်ဝိုက်တွင် ရှိနေခဲ့ပြီဖြစ်ကြောင်း ဖော်ထုတ်အတည်ပြုနိုင်ပြီဖြစ်သည်။ အမှန်မှာ ပျူ-မြန်မာမျိုးနွယ်စု(မြန်မာတိုင်းရင်းသားမျိုးနွယ်စု)များသည် မြန်မာ့မြေပေါ်တွင်ပင် လက်မွန်အဦးပကတူးပေါက်ဖွားအခြေချ နေထိုင်ခဲ့ကြသူများဖြစ်ကြပြီး အနောက်ဘက်မှ အဘိရာဇ၏ အင်အားစုများ ဝင်ရောက်မလာမီ သမိုင်းမတင်မီ ခေတ်ကတည်းကပင် တကောင်း၊ ကြံညှပ်၊ မလည်ဒေသတို့၌ ဖြန့်ကြက်အခြေချကာ နေထိုင်ကြလျက် ယဉ်ကျေးမှုထွန်းကားစပြုနေပြီဖြစ်သည်။

ပြန်လည်ချေဖျက်နိုင်ပြီ

ဤသို့ဧရာဝတီမြစ်ကြောင်းပြောင်းလဲမှုကို ဖော်ထုတ်အတည်ပြုနိုင်ခဲ့ခြင်းဖြင့် မြန်မာ့မြို့ဟောင်း မူလတကောင်း၏ ရှေးကျမှု၊ မြန်မာ့ရှေးဟောင်းမြို့ပြယဉ်ကျေးမှု၏ အဆင့်အတန်းမြင့်မားမှုကို မြန်မာတို့ ဂုဏ်ယူဝင့်ကြွားနိုင်ကြပြီဖြစ်သည်။ ထို့ပြင် မြန်မာ့ရှေးဟောင်းသမိုင်း ကျမ်းများ၏ဖော်ပြရေးသားချက်များကို ဒဏ္ဍာရီသဖွယ်၊ ယုံတမ်းစကားသဖွယ်နှိမ့်ချပြက်ရယ်ပြုခဲ့ကြသည်များကိုလည်း အထောက်အထားဖြင့် ပြန်လည်ချေဖျက်နိုင်မည်ဖြစ်ပေသည်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း(၉/၂၀၀၃)မှ နံနက်ပိုင်း သင်တန်းသား၊ သင်တန်းသူများ မတ် ၅ရက် (တပေါင်းလပြည့်)က ရွှေတိဂုံဘုရားတောင်ဘက်စောင်းတန်းတွင် ဒုတိယအကြိမ် အချိုရည်များ စတုဒိသာတိုက်ကျွေးစဉ်။ (က-ပ)

တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းကြီးများ တပ်ပါ စစ်ရေးပြ ဆက်လက်လေ့ကျင့်

ရန်ကုန် မတ် ၈

၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများသည် ယနေ့ နံနက် ၅ နာရီခွဲမှ ၉ နာရီအထိ ရန်ကုန်မြို့ တော်လှန်ရေးပန်းခြံ၌ တပ်ပါ စစ်ရေးပြလေ့ကျင့်မှုများကို ဆက်လက်လေ့ကျင့်ကြသည်။

စစ်ရေးပြလေ့ကျင့်

ယင်းသို့ စစ်ရေးပြလေ့ကျင့်မှုများဆောင်ရွက်ရာတွင် စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မင်းသိန်း ဦးဆောင်၍ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးအောင်ကျော်ဦး ဦးဆောင်သည့် အနော်ရထာစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးသိန်းတန် ဦးဆောင်သည့် ကျန်စစ်သားစစ်ကြောင်း၊စစ်ကြောင်းမှူး ဗိုလ်မှူးကြီးသန်းဝင်း ဦးဆောင်သည့် ဘုရင့်နောင်စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး အောင်သော် ဦးဆောင်သည့် နဝဒေးစစ်ကြောင်း၊စစ်ကြောင်းမှူး ဗိုလ်မှူးကြီးတင့်ဝေ ဦးဆောင်သည့် အောင်ဇေယျစစ်ကြောင်း၊စစ်ကြောင်းမှူး ဗိုလ်မှူးကြီးဦးကျော် ဦးဆောင်သည့် ဆင်ဖြူရှင်စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးမြင့်ကိုကို ဦးဆောင်သည့် ဗန္ဓုလစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးကံညွန့် ဦးဆောင်သည့် မြဝတီစစ်ကြောင်းနှင့် စစ်ကြောင်းမှူး ဗိုလ်မှူးကြီးမောင်မောင်သန်း ဦးဆောင်သည့် အောင်ဆန်းစစ်ကြောင်းတို့မှ တပ်မတော်သားများက တပ်ပါစစ်ရေးပြ လေ့ကျင့်မှုများကို ပြုလုပ်ကြသည်။

စစ်ရေးပြ လေ့ကျင့်မှုများကို (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ စစ်ရေးပြလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်ချုပ်ဝင်းမြင့်၊ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်မှူးချုပ် ဉာဏ်ဝင်းနှင့် တပ်မတော်အရာရှိကြီးများ လာရောက်ကြည့်ရှုစစ်ဆေးကြသည်။ (သတင်းစဉ်)

ကြာအင်းဆိပ်ကြီး အထက မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် မတ် ၈

ကျေးဇူးရှင်ဆရာမကြီး ဒေါ်လှရင်အား အမှူးထား၍ ကြာအင်းဆိပ်ကြီး အထက၏ ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဧပြီ ၄ရက် နံနက် ၈နာရီတွင် အဆိုပါကျောင်းခန်းမဆောင်၌ ကျင်းပမည်ဖြစ်သည်။

မြတ်ဆရာပူဇော်ပွဲကို အရဏ်ဆွမ်း ကပ်လှူခြင်း၊ မိတ်ဆုံ ညစာစားပွဲကျင်းပခြင်းတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရောက်မြတ်ဆရာများနှင့် တပည့်များ တက်ရောက်ကြရန် နှိုးဆော်ထားသည်။ အသေးစိတ်သိလိုပါက စာဆာလောလ (ကျွန်းဆွယ်ရွှေတံဆိပ်ရှင်)ကြာအင်းဆိပ်ကြီးမြို့၊ စောဝင်းမောင် ဖုန်း-၀၉-၈၀-၃၀၆၇၁၊ ၀၁-၂၂၃၁၇၁ ရန်ကုန်မြို့၊ ဦးထွန်းလွင် ဖုန်း-၇၂၄၇၁၃ ရန်ကုန်မြို့၊ ဒေါ်ခင်အေးဝင်း ဖုန်း-၀၁-၂၀၀၁၄၀ ရန်ကုန်မြို့၊ ဒေါ်ကြည်ကြည်ဝင်း ဖုန်း ၀၅၇-၂၄၈၅၁ ကြာအင်းဆိပ်ကြီးမြို့၊ စောထွန်းခေါင်လွင် ဖုန်း-၀၅၇-၂၅၇၈၃ ကြာအင်းဆိပ်ကြီးမြို့၊ဗိုလ်ကြီးလှအောင်(ငြိမ်း) ဖုန်း ၀၁-၅၂၇၀၆၅ ရန်ကုန်မြို့ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

မြန်မာ့ကြားရေးဝန်ကြီးဌာန

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းတွင် အသုံးပြုရန်အတွက် လိုအပ်သောပစ္စည်းများ ဝယ်ယူရန် တင်ဒါ ခေါ်ယူခြင်း

၁။ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် အောက်ဖော်ပြပါပစ္စည်းကို ဝယ်ယူလိုပါသည်။

Duplex Board Paper 180 gm² (32"x 40")-100 Tons

၂။ တင်ဒါပေးသွင်းမှုကို(၁၁-၃-၂၀၀၄)ရက်နေ့ (၁၆:၃၀)နာရီတွင် ပိတ်သိမ်းပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း - ၂၄၅၆၂၄၊ ၂၄၅၆၃၁၊ ၂၄၅၆၄၅။

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

၁။ Marketing Supervisor ကျား/မ(၁)ဦး

* သိပ္ပံဘွဲ့တစ်ခုခုအနည်းဆုံးရရှိသူဖြစ်ရမည်။
* ဆေးဝါးကျွမ်းကျင်နားလည်သူကိုဦးစားပေးမည်။
* Sale နှင့် Marketing ကို ဦးဆောင်အုပ်ချုပ်နိုင်သူဖြစ်ရမည်။
* အသက်(၂၈-၄၀)နှစ်အတွင်းဖြစ်ရမည်။
* လုပ်ငန်းအတွေ့အကြုံရှိရမည်ဖြစ်သည့်အပြင် လွတ်လပ်စွာ ခရီးသွားလာနိုင်သူဖြစ်ရမည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်း(CV)၊ ဓာတ်ပုံ(၁)ပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့် လိုအပ်သောစာရွက်စာတမ်းအပြည့်အစုံဖြင့် (၂)ပတ်အတွင်း အောက်ပါလိပ်စာသို့ လျှောက်ထားနိုင်သည်။

Zaburit Co-Op Ltd.
No.69/71,127 Th Street, Mingalar Taung Nyunt TSP,
Yangon. Ph-202397,202467.



Taxi ရောင်းမည်

84 Model Mazda
အ/- - -
ဖုန်း-၀၉-၅၀-၁၀၅၁၁၊
၂၁၀၀၅၆။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ သွင်းကုန်ထုတ်ကုန်လိုင်စင် အမှတ်(၇၄၂၃)သည် ပျောက်ဆုံးသွားပါသဖြင့်ပြန်ပို့ပေးသူအား ကျေးဇူးဆပ်ပါမည်။
ဦးနေဦး အမှတ်(၁၄၆)၊ဆရာစံလမ်း၊ စက်မှုဇုန်၊ (၂)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ကလောမြို့၊ သီတာလမ်း၊ (၇)ရပ်ကွက်နေ
ဦးညီတင် (ဦးစီးအရာရှိ၊ ကြေး/မြေ၊ ငြိမ်း)-ဒေါ်ခင်ဝင်းတို့၏သား
ဗိုလ်ကြီးတင်ထွန်းဦး B.A(History) Q, DMA - I
(အထူးအရာရှိ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန) နှင့်
ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ၉မိုင်၊ မစိုးရိမ်ကျောင်းလမ်း၊ အမှတ်(၁၉/ခ)နေ
ဦးညွန့်ဆွေ-ဒေါ်သန်းသန်းရီ (ဒု-ညွှန်ကြားရေးမှူး၊ လျှပ်စစ်စစ်ဆေးရေး၊ စက်မှုကြီးကြပ်ဦးစီးဌာန၊ စက်မှု-၁၊ ငြိမ်း)တို့၏သမီးဦး
ဒေါက်တာမိုးဖြူဖြူလွင် M.B.,B.S(Ygn)
First Year M.Med. Sc°(O & G)
(မြောက်ဥက္ကလာပအထွေထွေရောဂါကုဆေးရုံကြီး)

တို့၏ ၇-၃-၂၀၀၄ရက်တွင် Yuzana Garden Hotel မင်္ဂလာခန်းမ၌ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲ အခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးသော ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ ဦးစီးဗိုလ်မှူးကြီး ဗိုလ်မှူးကြီးဆန်းထွန်းနှင့်ဇနီး ဒေါ်တင်တင်မိုးအားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးသော အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအေးမောင်သန်းနှင့်ဇနီး၊ ဆေးတက္ကသိုလ်(၂)၊သားဖွားနှင့်မီးယပ်ပညာဌာန၊ ပါမောက္ခ/ဌာနမှူး၊ ပါမောက္ခ ဒေါ်ခင်စောလှအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ကြသော စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများ၊ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးဥပကာရတင်ရှိပါကြောင်း။ **နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးတင်ထွန်းဦး-ဒေါက်တာမိုးဖြူဖြူလွင်။**

မင်္ဂလာဆုတောင်း

ကိုကြီး **ဗိုလ်ကြီးတင်ထွန်းဦး** နှင့် မမ **ဒေါက်တာ မိုးဖြူဖြူလွင်** တို့၏ ၇-၃-၂၀၀၄ ရက်နေ့ မင်္ဂလာနေ့ရက်မှသည် နောင်နှစ်ပေါင်း (၁၂၀)တိုင် ပျော်ရွှင်ချမ်းမြေ့သော မိသားစုတည်ဆောက်နိုင်ပါစေကြောင်း။

ချစ်သော မောင်နှမများ-

- **မယဉ်မိုးတင် B.C.Sc°(Hons)**
- **မယဉ်ဖြိုးတင် B.E (Civil)**
- **မမိုးမမတင် B.E (Chemical)**
- **ကိုမိုးသူရ - မမိုးစန္ဒာလွင် (ခေတ္တ - Singapore)**
- **Dr.မိုးညီညီလွင်-Dr.မင်းမင်းသန့်(ပခုက္ကူပြည်သူ့ဆေးရုံကြီး)**
- **ကိုကိုသန်းသိန်းကျော် - Assistant Engineer (STM,Singapore)**
- **ညီညီသိန်းသန်းကျော်- Assistant Engineer (ST,Singapore)**





စမ်းချောင်းလမ်းတွင် တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၈

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ တပည့် အနာဂါမ်ဆရာတော်ကြီး၏ ကိုယ်တွေ့ဉာဏ်မြင် သမထဝိပဿနာ အလုပ်တရားကို ကမ္မဋ္ဌာန်းနည်းပြ ဆရာဦးကျော်နိုင်ထွန်းက မတ် ၁၅ ရက်မှ မတ် ၂၅ ရက်ထိ မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီအထိ ဓမ္မဒါနပြုမည်ဖြစ်၍ မည်သူမဆို လာရောက်တရားအားထုတ်နိုင်ကြောင်းသိရသည်။ (က-ပ)



ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှမြင့်ဆွေတို့ ခန္တီးလေဆိပ်လေယာဉ်ပြေးလမ်းတိုးချဲ့ခြင်း စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (ပို့ဆောင်ရေး)

ဆောက်လုပ်ရေးဝန်ကြီးဗိုလ်ချုပ်စောထွန်းနှင့် ပို့ဆောင်ရေးဝန်ကြီးဗိုလ်ချုပ်လှမြင့်ဆွေ ခန္တီးလေဆိပ် လေယာဉ်ပြေးလမ်းတိုးချဲ့ခြင်း စီမံကိန်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၈

ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေတို့သည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများနှင့် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမောင်တို့လိုက်ပါလျက် မတ် ၆ ရက် နံနက်ပိုင်းတွင် မြန်မာ့လေကြောင်းလေယာဉ်ဖြင့် ခန္တီးလေဆိပ်သို့ရောက်ရှိကြသည်။

ရှင်းလင်းတင်ပြ

ဝန်ကြီးများအား ခန္တီးလေဆိပ် လေယာဉ်ပြေးလမ်းတိုးချဲ့ခြင်း စီမံကိန်းရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ စီမံကိန်း အင်ဂျင်နီယာ ဦးဝင်းလွင်နှင့် တာဝန်ရှိသူများက လေယာဉ်ပြေးလမ်းတိုးချဲ့ခြင်းလုပ်ငန်းတွင် အသုံးပြုလျက်ရှိသော စက်ယန္တရားများခြေအနေ၊ လမ်းခင်းကျောက်ရရှိမှု၊ စုဆောင်းထားရှိမှု၊ မြေကြီးလုပ်ငန်းပြီးစီးမှု၊ စက်သုံးဆီရရှိသုံးစွဲမှု အခြေအနေ၊ နှစ်အလိုက် ရန်ပုံငွေရရှိသုံးစွဲမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နယ်မြေခံ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးမင်းဆွေက ကျောက်ရရှိရေးနှင့် စက်သုံးဆီရရှိရေး ပံ့ပိုးဆောင်ရွက်ပေးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးခင်မောင်အုန်းက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ဆက်လက်၍ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ လုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးများက ပွင့်လင်းရာသီ မိုးမကျမီလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ကြရေး မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးများနှင့် အဖွဲ့သည် လေယာဉ်ပြေးလမ်း အနောက်တောင်ဘက် ကျောက်ကတ္တရာခင်းခြင်းလုပ်ငန်းနှင့် စက်ယန္တရားများဖြင့် မြေဖို့မြေညှိခြင်းလုပ်ငန်း ဆောင်ရွက်မှုများကိုလည်းကောင်း၊ လေယာဉ်ပြေးလမ်း တစ်လျှောက်ကိုလည်းကောင်း လိုက်လံကြည့်ရှု စစ်ဆေးကြသည်။

ခန္တီးလေယာဉ်ကွင်း၏ မူလလေယာဉ်ပြေးလမ်းမှာ ကျောက်ရောမြေခင်း ပြေးလမ်းဖြစ်ပြီး အရှည်ပေ ၄၂၀၀၊ အကျယ်ပေ ၁၀၀ ရှိသည်။

အရှည်ပေ ၅၆၀၀

ယခုတိုးချဲ့မည့် လေယာဉ်ပြေးလမ်းမှာ ကျောက်ကတ္တရာခင်း အမျိုးအစားဖြစ်ပြီး အရှည်ပေ ၅၆၀၀ နှင့် အကျယ်ပေ ၁၀၀ ဖြစ်သည်။

တိုးချဲ့ပြီးစီး

ခန္တီးလေဆိပ် လေယာဉ်ပြေးလမ်းကို ကြည့်ရှုစစ်ဆေးပြီးနောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှမြင့်ဆွေသည် မြန်မာ့လေကြောင်းလေယာဉ်ဖြင့် ပုဂံညောင်ဦး လေဆိပ်သို့ရောက်ရှိပြီး လေယာဉ်ပြေးလမ်း ပထမအလွှာ နိုင်လွန်ကတ္တရာခင်းပြီးစီးမှု အခြေအနေ၊ လေယာဉ်ရပ်နားနေရာ တိုးချဲ့ပြီးစီးမှု အခြေနေများကို ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

(၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဝတ္ထုတိုပြိုင်ပွဲ ဆုရရှိသူများအမည်စာရင်း ထုတ်ပြန်

ရန်ကုန် မတ် ၈

၂၀၀၄ ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေး လုပ်ငန်းကော်မတီက ကျင်းပသော ဝတ္ထုတိုပြိုင်ပွဲမှ ဆုရရှိသူများ အမည်စာရင်းကို သက်ဆိုင်ရာက မတ် ၆ ရက်က ထုတ်ပြန်သည်။

ဝတ္ထုတိုပြိုင်ပွဲတွင် အလုံမြို့နယ်မှ တိုးတိုး(တောင်တွင်း)၏ "မြင်စမ်းစေချင်အိုဖခင်"က ပထမ၊ အင်းစိန်မြို့နယ်မှ ရဲမာန်(ဥပဒေ၏)"စွန့်လွှတ်ခြင်းနှင့် စွန့်စားခြင်းဆိုသည့်အဓိပ္ပာယ်"က ဒုတိယ၊ မော်လမြိုင်မြို့မှ တက္ကသိုလ်နန်းဖြူဖြူထွန်း၏ "နေတစ်စင်းနှင့် လတစ်စင်း"က တတိယ၊ ထုတ်လုပ်ရေးတပ်(ပြည်သူ့ဆက်ဆံရေး)မှ မောင်ချိုဝေ၏"အထိမခံ"၊ လားရှိုးမြို့မှ မမ(တရားရေး)၏"မေတ္တာဂဟေဆက် ရွှေလက်မြဲမြဲ တွဲလေသော်"၊ မူဆယ်မြို့မှ သိန်းဇော်(ရွှေလီဦး)၏ "ရွှေကွန်ရက်နှင့်တူသောလက်များ"၊ မြောက်ဥက္ကလာပမြို့နယ်မှ နီငြိမ်း(အညာတက္ကသိုလ်)၏ "လူးလွန့်အောင်လံမိုးသို့ပျံခဲ့"နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)မှ မောင်တင့်ထွန်း(စကု)၏ "မွေးဘရင်ခွင်ရွှေလက်တင်လှည့်"တို့က အထူးဆုများ အသီးသီးရရှိကြသည်။

ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများသည် မတ် ၂၇ ရက် ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ဆုများတက်ရောက်ယူရမည်ဖြစ်သည်။ ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများသည် ဦးကိုကိုထွေး အတွင်းရေးမှူး စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ပြည်လမ်း ရန်ကုန်မြို့သို့ မတ် ၂၄ ရက်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက် သတင်းပို့ကြရမည်ဖြစ်သည်။ (သတင်းစဉ်)



မရမ်းကုန်းမြို့နယ် အမှတ်(၁၇)အခြေခံပညာမူလတန်းကျောင်း မိဘဆရာအသင်း အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက်က ကျောင်းခန်းမတွင်ကျင်းပရာ မြို့နယ်အဆင့်ဘက်စုံ၊ စာပေ၊ ကျောင်းလုပ်ငန်း ပထမဆုသုံးဆုရရှိသော မခင်သီရိလွင်နှင့် တတိယနှစ်ဆုရ မမြတ်ပွင့်ခိုင်၊ တတိယဆုရ မယမင်းအောင်တို့အား မြို့နယ်ပညာရေးမှူး ဦးကျော်ဝင်းက ဆုချီးမြှင့်စဉ်။ (က-ပ)



ပေါင်းလင်း(ငမိုးရိပ်ရေကူကန်)ရေလှောင်တမံစီမံကိန်း ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင် စစ်ဆေး

ရန်ကုန် မတ် ၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်း ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်ရှိ ငမိုးရိပ်ရေလှောင် တမံသို့ရောက်ရှိပြီး ရေလှောင်တမံအောက်ပိုင်း၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရှိလုပ်ငန်း၊ ဌာနများအလိုက် စိုက်ပျိုးထားသော မြန်မာ့ဆေးဝါးပင်များစိုက်ခင်းမှ ရှားပါးဆေးဝါးပင်များကို တစ်အုပ်တစ်မစုစည်းစိုက်ပျိုးထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ငမိုးရိပ်ရေလှောင်တမံ၏ ဆည်ရေပေးဝေမှု၊ ဆည်ရေထိန်းသိမ်း သိုလှောင်မှု၊ ဆည်မြောင်း အဆောက်အအုံများ ထိန်းသိမ်းမှုတို့ကို လည်းကောင်း၊ ရေဝပ်ဧရိယာအတွင်းပိုင်း ရေသိုလှောင်မှုကို စက်လှေဖြင့်လည်းကောင်း လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ရေလှောင်တမံ စီမံကိန်း

ထို့နောက် ဝန်ကြီးသည် ငမိုးရိပ်ရေလှောင်တမံအထက်ပိုင်း လှည်းကူးမြို့နယ် အုန်းနဲ့ပင်ကျေးရွာ အနီး၌ တည်ဆောက်လျက်ရှိသော မကြာမီဖွင့်လှစ်တော့မည့် ပေါင်းလင်း(ငမိုးရိပ်ရေကူကန်) ရေလှောင်တမံ စီမံကိန်းသို့ ရောက်ရှိကြသည်။

ရှင်းလင်းဆောင်၌ ရန်ကုန်တိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သိန်းက ငမိုးရိပ်ရေလှောင်တမံမှ ပိုလျှံစီးဆင်းရေများကို ထိန်းသိမ်းနိုင်ရန်အပြင် ငမိုးရိပ်ချောင်း၏ ရေစီးရေလာကို အပြည့်အဝ အသုံးချနိုင်ရန်အတွက် ပေါင်းလင်း(ငမိုးရိပ်ရေကူကန်)ရေလှောင်တမံ စီမံကိန်း တည်ဆောက်မှု လုပ်ငန်းများ အချောကိုင် အပြီးသတ် ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းက ငမိုးရိပ်ရေလှောင်တမံနှင့် ရေကူကန်များဖြစ်ကြသော မဟူရာနှင့် ပေါင်းလင်းတို့၏ ဆက်စပ်ရေသိုလှောင်မှုတို့ကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက တင်ပြချက်များအပေါ် လုပ်ငန်းများ သေသပ်ခိုင်ခံ့စွာ ပြီးစီးရေး၊ ရေသိုလှောင်ရေး ကိစ္စတို့ကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် တည်ဆောက်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ တမံအလျား ၂၂၃၅ ပေ၊ တမံအမြင့်ပေ ၁၀၀ ရှိသည့် ပင်မတမံလုပ်ငန်း သံကူကွန်ကရစ် အမျိုးအစား ရေပိုလွှဲနှင့် ရေထုတ်ပြွန် တည်ဆောက်နေမှုလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဝန်ကြီးသည် ပေါင်းလင်းချောင်း တစ်လျှောက်နှင့် ငမိုးရိပ်ချောင်းနှင့် ပေါင်းလင်းချောင်းဆုံရာ ချောင်းဘေးဝဲယာ တစ်လျှောက်ရှိ ရေဝပ်ဧရိယာနှင့် ရေကျချိန်တွင်စိုက်ပျိုးအသုံးချနိုင်မည့် မြေဧရိယာများကို ကြည့်ရှုစစ်ဆေးပြီး ငမိုးရိပ်ရေထုတ်ပြွန်မှ နွေစပါးရေပေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

ကမ္ဘာလှည့်ခရီးသည်များ စင်းလုံးငှားလေယာဉ်ဖြင့် ရောက်ရှိ

ရန်ကုန် မတ် ၈

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ ပို့ဆောင်ရေးဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှု၊ Adventure Myanmar Travels&Tours Co.,Ltd ၏ စီစဉ်မှုဖြင့် ကမ္ဘာလှည့်ခရီးသည် ၆၉ ဦးသည် First Choice Air စင်းလုံးငှား လေယာဉ်ဖြင့် မတ် ၆ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိလာသည်။

အဆိုပါ ကမ္ဘာလှည့်ခရီးသည်များသည် ရန်ကုန်၊ ပုဂံညောင်ဦးမြို့များသို့ သွားရောက်လည်ပတ်ကာ မတ် ၉ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မော်လဒိုက်နိုင်ငံသို့ ပြန်လည်ထွက်ခွာမည်ဖြစ်သည်။ (သတင်းစဉ်)

ကျေးလက်ကျောက်ချောလမ်းသစ်ဖွင့်

လှိုင်လင် ဖေဖော်ဝါရီ ၂၉

လှိုင်လင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၃-၂၀၀၄ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော မိုင်းပွန်-တိဟော-နားယမ်းကျေးလက် ကျောက်ချောလမ်း ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက်က အဆိုပါလမ်းမုခ်ဦးရှေ့တွင် ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် မိုင်းပွန်-တိဟော-နားယမ်းကျေးလက် ကျောက်ချောလမ်းကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းတင့်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်ဇင်သိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ကျောက်ချောလမ်းမှာ အရှည်ပေ ၆၃၀၊ အကျယ် ၁၂ ပေရှိပြီး ခွင့်ပြုရန်ပုံငွေကျပ်၁၂၀၀၀၀ဖြင့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

GOLDEN QUEEN BEAUTY CENTER (3) ဖွင့်ပွဲအခမ်းအနားကို မတ် ၃ ရက်က ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ ဆံတော်ရပ် ပြည်-ရန်ကုန် လမ်းမကြီးအခန်း(၂) မီးရထားဝင်းတွင် ကျင်းပရာ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမင်း၏ ဇနီး၊ ပဲခူးတိုင်း (အနောက်ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နာယကဒေါ်နိုင်နိုင်မော်က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (၁၄၃)

မွှာရုံရေစက်ချပွဲနှင့် တရားပွဲကျင်းပမည်

တပ်ကုန်း မတ် ၂

တပ်ကုန်းမြို့နယ် သစ်ဆိမ့်ပင် ရာပြည့်ကျောင်းတွင် တရားစခန်းပွဲ၊ သာသနိကဓမ္မာရုံ ရေစက်ချပွဲ၊ ဒုလ္လဘ ရဟန်းခံ စုပေါင်းရှင်ပြုပွဲ၊ အနေကဇာတင်ပွဲ၊ သိက္ခာထပ်ပွဲကို မတ် ၈ ရက်မှ ၁၆ ရက်အထိ ကျင်းပမည်ဖြစ်သည်။ အဆိုပါ အခမ်းအနားတွင် တရားတော်များ ဟောကြားမည်ဖြစ်ရာ မတ် ၉ ရက်၌ မဟာစည်ဓမ္မကထိက ဘဒ္ဒန္တကုမာရနှင့် မတ် ၁၀ ရက် ညတွင် မဟာစည်ဓမ္မကထိက ဘဒ္ဒန္တဥတ္တမတို့က ဟောကြားမည်ဖြစ်သည်။ မတ် ၁၂၊၁၅ ရက်၌ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင်၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ ဘဒ္ဒန္တစန္ဒာသီရိ(တပ်ကုန်း) ဆရာတော်က တရားတော်နှင့် ဓမ္မာရုံကြီး ရေစက်ချ အနုမောဒနာ တရားဟောကြားတော်မူမည်ဖြစ်သည်။ (က-ပ)

ဆေးပစ္စည်းများနှင့် ထာဝရငွေပဒေသာပင်လှူဒါန်း

ပန်းတနော် မတ် ၇

ရန်ကုန်မြို့ ၂၇ လမ်း အမှတ် (၁၆၈)နေ (ဦးရွှေဒင်္ဂါး)-ဒေါ်ကျင်တီ၊ သား ဦးအောင်ထွန်း-ဒေါက်တာစန်းစန်းရီ(အောင်သပြေဖယောင်းပုဆိုးကုမ္ပဏီ) မိသားစုတို့က ပန်းတနော်မြို့ ပြည်သူ့ဆေးရုံ၊ အင်းမ တိုက်နယ်ဆေးရုံနှင့် မင်းတစုတိုက်နယ် ဆေးရုံများသို့ ဆေးဝါးပစ္စည်းများ ကျပ် ၇၂၀၀၀၀ ကျော်ဖိုး လှူဒါန်းပွဲ အခမ်းအနားကို မတ် ၅ ရက် နံနက် ၁၀ နာရီက ပန်းတနော်မြို့ ပြည်သူ့ဆေးရုံသင်တန်း ခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင်အလှူရှင်ဒေါ်ကျင်တီ မိသားစုတို့ လှူဒါန်းသော ဆေးဝါးပစ္စည်းများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးဟန်၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဒေါ်ခင်မာအေးနှင့်တိုက်နယ်ဆရာဝန်များက လက်ခံရယူကြသည်။ **(အောက်ပုံ)**

လှူဒါန်း

၎င်းနေ့ ညနေပိုင်းတွင် ပန်းတနော်မြို့နယ် သမိုင်းဝင် ရွှေမြင်တင်စေတီတော်မြတ် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်၊ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချပွဲ အခမ်းအနားကျင်းပပြီး အလှူရှင် (ဦးရွှေဒင်္ဂါး)-ဒေါ်ကျင်တီ မိသားစုတို့က စေတီ တော်မြတ်ကြီး အတွက် ထာဝရ ငွေပဒေသာပင်အဖြစ် အလှူငွေ ကျပ်သိန်း ၁၀၀ လှူဒါန်းခဲ့သည်။

အလှူငွေများကို မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးဟန်နှင့် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးချောတို့က လက်ခံရယူပြီး တောကျောင်း ဆရာတော် ဦးဣန္ဒကထံမှအနုမောဒနာတရားနာကြားကာ ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။ (က-ပ)

ကျောင်းအထောက်အကူပြု စာအုပ်စာတမ်းများလှူဒါန်း

ကောလင်း ဖေဖော်ဝါရီ ၂၈

ကောလင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ကကြီးမှူး၍ (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျောင်းအထောက်အကူပြု စာအုပ်များနှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးဂျာနယ်များ ပေးအပ်လှူဒါန်းပွဲ ကို ဖေဖော်ဝါရီ ၁၆ရက်က မြို့နယ်ရုံးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စာပေနှင့်စာနယ် ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ညိမ်း(မြန်ဂုဏ်ဆောင်)က စာအုပ်စာတမ်းနှင့် ဂျာနယ်လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ **(၂၁၄)**

မြို့နယ်သတင်းများ

ကျေးလက်ဒေသဖွံ့ဖြိုးရေး ပညာပေးဟောပြော

မော်လိုက် မတ် ၄

မော်လိုက်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၁၀နာရီက မော်လိုက်မြို့နယ် တပ်ကုန်းကျေးရွာ အခြေခံပညာ မူလတန်း ကျောင်း၌ကျင်းပသည်။

အခမ်းအနားသို့ မော်လိုက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သိန်း၊ အတွင်းရေးမှူး ဦးအောင်မြတ်မိုး၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာနေဝင်း၊ ခရိုင်မြေစာရင်းဦးစီးမှူးဦးကျော်ဌေး၊ မြို့နယ်စိုက်ပျိုးရေး မန်နေဂျာ ဦးတင်ဦးကြိုင်၊ ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးချစ်မောင်နှင့်အဖွဲ့ဝင်များ၊ ကျေးရွာလူမှုရေး အသင်းအဖွဲ့များ၊ ကျေးရွာပြည်သူများ တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ရှမ်းပြည်နယ်(တောင်ပိုင်း)လဲချားမြို့နယ် နောင်ပန်-ဝမ်းယိမ်းကျေးလက် ကျောက်ချောလမ်း ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ရက်ကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသာနိုးအောင်နှင့် ကျေးရွာဥက္ကဋ္ဌဦးစံတောတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

စာရေးဝန်ထမ်း လုပ်ငန်းသင်တန်းဆင်း

ဂန့်ဂေါ ဖေဖော်ဝါရီ ၂၉

ဂန့်ဂေါခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စာရေးဝန်ထမ်း များလုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေး သင်တန်းအမှတ်စဉ် (၁/၂၀၀၄) ဆင်းပွဲကို ဖေဖော်ဝါရီ ၂၀ရက် နံနက်က ဂန့်ဂေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ဂန့်ဂေါခရိုင် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှဆွေနှင့် ခရိုင်အုပ်ချုပ်ရေးမှူးဦးခင်စိုးတို့က အမှာစကား ပြောကြားကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် သင်တန်းထူးချွန်ဆုနှင့် သင်တန်းဆင်းလက်မှတ်များကို ခရိုင်ဥက္ကဋ္ဌဒုတိယ ဗိုလ်မှူးကြီးလှဆွေ၊ ခရိုင်အတွင်းရေးမှူးဗိုလ်မှူးအောင်လှ၊ ခရိုင်အုပ်ချုပ်ရေးမှူးဦးခင်စိုး၊ ခရိုင်ရဲတပ်ဖွဲ့မှူးရဲမှူးသောင်းကြီးတို့က ချီးမြှင့်ပေးအပ်ကြသည်။

သင်တန်းသို့ သင်တန်းသား ၅၆ဦး တက်ရောက်ကြ၍ သင်တန်းကာလ တစ်လဖြစ်ကြောင်း သိရသည်။ (၄၆၅)

သားငါးဆိုင်များ စည်းကမ်းလိုက်နာမှု စစ်ဆေး

မိုးကောင်း မတ် ၃

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဒုတိယ ညွှန်ကြားရေးမှူး ဦးအေးမြင့်သည် မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးတင်မောင်၊ မြို့နယ်ကျန်းမာရေးဦးစီး ဌာနမှူးဒေါက်တာဦးစိန်လင်း၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဦးအောင်ဝင်းတို့နှင့်အတူ ဖေဖော်ဝါရီ ၂၉ ရက်က မြို့နယ်စည်ပင်သာယာဈေးအတွင်းရှိ သားငါးရောင်းချသော ဆိုင်များအား သတ်မှတ်စည်းကမ်းချက်များ လိုက်နာမှု ရှိ၊မရှိ လိုက်လံစစ်ဆေးသည်။

မှာကြား

ထို့နောက် ဈေးသည်များ ကျန်းမာရေးနှင့်ညီညွတ်သည့် လတ်ဆတ်သော အသားများထုတ်လုပ်ရောင်းချရန်နှင့် ဈေးဆိုင်ခန်းများ သန့်ရှင်းသပ်ရပ်ရေး စနစ်တကျဆောင်ရွက်ရန် မှာကြားသည်။ **(၄၉၉)**

ပအိုဝ်းအမျိုးသားဘောလုံးအဖွဲ့ ဥက္ကဋ္ဌဖလား ဆုချီးမြှင့် ကျေးရွာအုပ်စုပေါင်းစုံ ဘောလုံးပြိုင်ပွဲကျင်းပ

တောင်ကြီး မတ် ၂

၂၀၀၄ခုနှစ် ပအိုဝ်းအမျိုးသားဘောလုံးအဖွဲ့ ဥက္ကဋ္ဌဖလား ဒေသပေါင်းစုံ ဘောလုံးပြိုင်ပွဲနှင့် ကန်တော်ကြီး ဥက္ကဋ္ဌဖလား ကျေးရွာအုပ်စုပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၈ ရက် ညနေပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ နောင်ကားကျေးရွာတွင် ကျင်းပသည်။

အခမ်းအနားတွင် ဒေသပေါင်းစုံ ဘောလုံးပြိုင်ပွဲ၌ ပထမဆုရရှိခဲ့သော ကျောက်တစ်လုံး အသင်းအား ငွေသားဆုကို ပအိုဝ်းအမျိုးသားဘောလုံး အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးခွန်စံလွင်က လည်းကောင်း**(အောက်ပုံ)**၊ ဆုဖလားကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးဘရီကလည်းကောင်း ပေးအပ်ချီးမြှင့်ပြီး ဒုတိယဆုရ နောင်တရားအသင်းအား ငွေသားဆုကို ပြိုင်ပွဲကျင်းပရေး ကော်မတီ ဥက္ကဋ္ဌ ဦးပီတာထွန်းနိုင်ကချီးမြှင့်သည်။တစ်ဦးချင်း ဆုတံဆိပ်များနှင့် အကောင်းဆုံးဆုများကို ပြိုင်ပွဲကျင်းပရေး ကော်မတီများက အလှည့်ကျချီးမြှင့်သည်။

ကျေးရွာအုပ်စုပေါင်းစုံပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သော အသင်းအား ငွေသားဆုကို ကန်တော်ကြီးဥက္ကဋ္ဌ ဦးချန်ယွန်းကလည်းကောင်း၊ ဆုဖလားကို ပြည်နယ်အား/ကာ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမြင့်ကလည်းကောင်း ပေးအပ်ချီးမြှင့်သည်။ ဒုတိယဆုရအသင်းအား ငွေသားဆုကို ပအိုဝ်းအမျိုးသားဘောလုံးအဖွဲ့ အမှုဆောင် ဦးခွန်အောင်သာက ချီးမြှင့်သည်။ တစ်ဦးချင်း ဆုတံဆိပ်များနှင့် နေရာလိုက်အကောင်းဆုံးဆုများကို ပြိုင်ပွဲကျင်းပရေး ကော်မတီဝင်များက အလှည့်ကျ ချီးမြှင့်သည်။

ယင်းနောက် ပအိုဝ်းအမျိုးသားဘောလုံးအဖွဲ့ အတွင်းရေးမှူး ဦးခွန်ဝင်းကိုက မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်သို့ အမှတ်တရလက်ဆောင် ပစ္စည်းပေးအပ်ပြီး ပအိုဝ်းအမျိုးသားဘောလုံးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဖေကသရုပ်ပြပွဲကစားခဲ့သော ရှမ်းပြည်နယ်သူနာပြုအမျိုးသမီးဘောလုံးနှစ်သင်းအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။ (က-ပ)

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်ဆက်ကပ်ခြင်း ခံရသော ဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးတို့အား ပူဇော်

ရန်ကုန် မတ် ၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၀၀၄ ခုနှစ်တွင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော တနင်္သာရီတိုင်းမှ ဆရာတော်ကြီး သုံးပါး နှင့် သီလရှင်ဆရာကြီးတို့အား မြိတ်အသင်း(ရန်ကုန်)က ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကို မတ် ၆ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ လမ်းမတော် မြို့နယ် လှည်းတန်းလမ်း အမှတ်(၆၈)ရှိ မြိတ်အသင်း (ရန်ကုန်) ခန်းမ၌ ကျင်းပရာ မြိတ်အသင်း(ရန်ကုန်)နာယကများ၊ အသင်းဥက္ကဋ္ဌ ယုဇနဦးဌေးမြင့် နှင့် အမှုဆောင်များ၊ အသင်းဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက် ကြည်ညိုကြသည်။

ဖတ်ကြားပူဇော်

အခမ်းအနားတွင် မြိတ်အသင်း(ရန်ကုန်) ဒုတိယဥက္ကဋ္ဌ ဒေါက်တာမြလှိုင် က ပူဇော်ပွဲကျင်းပရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး အသင်း အမှုဆောင် ဦးမျိုးကြည်က မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ တနင်္သာရီတိုင်း မြိတ်မြို့ ကော့လိပ်ကုက္ကိုကျောင်းဆရာတော် ဘဒ္ဒန္တတိလောက၊ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ တနင်္သာရီတိုင်း မြိတ်မြို့ ဘုရားငါးဆူ ကျောင်း ဆရာတော်ဘဒ္ဒန္တကေသဝ၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ တနင်္သာရီတိုင်း ကျွန်းစုမြို့နယ် ကံမော်ရွာ ကဋ္ဌနာရာမကျောင်းဆရာတော် ဘဒ္ဒန္တကဋ္ဌနနှင့် မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် သမိဒ္ဓေါဒယ မော်လမြိုင်သီလရှင်ကျောင်းမှ သီလရှင်ဆရာကြီး ဒေါ်ဉာဏောဘာသီတို့၏ ထေရုပ္ပတ္တိများကို ဖတ်ကြားပူဇော်သည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် မြိတ်အသင်း(ရန်ကုန်)ဥက္ကဋ္ဌ ယုဇနဦးဌေးမြင့်၊ ဒေါ်အေးအေးမော်မိသားစုနှင့် အသင်းနာယကများ၊ အမှုဆောင်များက ဆရာတော်ကြီးများထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

ကိုကိုးကျွန်းမြို့နယ်တွင် တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်းများအား တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ဂုဏ်ပြုနှုတ်ဆက်စကားပြောကြား

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် မတ် ၆ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သာကေတမြို့နယ် မြန်မာ့ကြယ်ငါးပွင့် သဘော်လုပ်ငန်း သာကေတ ဆိပ်ခံတံတား ခရီးသည်ခန်းမဆောင်၌ ရန်ကုန်တောင်ပိုင်းခရိုင် ကိုကိုးကျွန်းမြို့နယ်တွင် တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်းများအား ဂုဏ်ပြုနှုတ်ဆက်စကား ပြောကြားသည်။ (အပေါ်ပုံ)

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန် တောင်ပိုင်းခရိုင် ကိုကိုးကျွန်းမြို့နယ် သို့ သွားရောက် တာဝန်ထမ်းဆောင် ကြမည့် ဌာနဆိုင်ရာ ဝန်ထမ်းများအား ယနေ့ နိုင်ငံတော်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရ လက်ထက်တွင် ကိုကိုးကျွန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ မှာကြားသည်။

ထို့နောက် ကိုကိုးကျွန်းမြို့နယ် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမြတ်ကျော်က ကိုကိုးကျွန်းမြို့နယ်၌ တာဝန်ထမ်းဆောင်ကြမည့်ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေအား တစ်ဦးချင်း မိတ်ဆက် ပေးသည်။

ပေးအပ်

ယင်းနောက် ရန်ကုန်တိုင်းအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန် တောင်ပိုင်းခရိုင် ကိုကိုးကျွန်းမြို့နယ် ၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် တာဝန် ထမ်းဆောင်ရန်သွားရောက်ကြမည့်ဌာန ဆိုင်ရာဝန်ထမ်းများအား လက်ဆောင် ပစ္စည်းများပေးအပ်ရာ တာဝန်ရှိသူများ က လက်ခံရယူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု ပန်းချီပန်းပုပြိုင်ပွဲတွင် ဆုရရှိသူများစာရင်းထုတ်ပြန်ကြေညာ

ရန်ကုန် မတ် ၈

၂၀၀၄ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်မည့် (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ကဗျာနှင့်အနုပညာ ပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ၏ ပန်းချီပန်းပုပြိုင်ပွဲပြပွဲ ကျင်းပရေး ဆပ်ကော်မတီက ပန်းချီပန်းပုပြိုင်ပွဲများကို ကျင်းပခဲ့ရာ ပန်းချီပန်းပုပြိုင်ပွဲအဆင့် အသီးသီး၌ ဆုရရှိသူများစာရင်းကို မတ် ၆ရက်က ထုတ်ပြန်ကြေညာသည်။

မူကြိုအဆင့် ပန်းချီပြိုင်ပွဲတွင် ပထမဆုကို မစုနန္ဒာအောင် မူကြို (၄)အလုံ၊ ဒုတိယဆုကို မအေးချမ်းပွင့်ဖြူ အမှတ်(၃)အခြေခံပညာမူကြို၊ တတိယဆုကို မောင်သော်သူနိုင်ဝေ အမှတ်(၃)အခြေခံပညာမူကြို၊ အထူးဆုများအဖြစ် မောင်အောင်ကောင်းမြတ် မူကြို(၁)ဗဟန်း၊မောင်ပြည့်ဖြိုးထွန်း အထက(၂)သော်ကကျောင်း ကျောက်တန်း၊ မသက်နုခင် မူကြို (၄) အလုံ၊ မပတ္တမြားခင် မူကြို(၄)အလုံ၊ မနှင်းနှင်းထွေးကလေးပြုစုရေး ထောက်ကြန့်တို့က ရရှိကြသည်။

မူလတန်း (အငယ်)

မူလတန်း (အငယ်) အဆင့် ပန်းချီပြိုင်ပွဲတွင် ပထမဆုကို မောင်ရဲ ဟိန်းဆက် ဒုတိယတန်း မြို့မ အလက ကျောက်တန်း၊ဒုတိယဆုကို မောင်သိင်္ဂါ သန်းဝေ ပထမတန်း အလက(၄) တောင်ဥက္ကလာပ၊ တတိယဆုကို မမေထူးမြတ်မွန် ဒုတိယတန်း မြို့မအလက ကျောက်တန်း၊ အထူးဆုများအဖြစ် မငြိမ်းဆုသာ ဒုတိယတန်း ပညာရေး တက္ကသိုလ် လေ့ကျင့်ရေးကျောင်း ကမာရွတ်၊ မမြတ်သီရိထွန်း ပထမ တန်း အထက(၂)လသာ၊ မောင်ထက် အောင်ရှိုင်း ဒုတိယတန်း ပညာရေး ကောလိပ် လေ့ကျင့်ရေးကျောင်း သင်္ဃန်းကျွန်း၊ မောင်ထက်လင်းစံ ဒုတိယတန်း အမက (အရှေ့) ကျောက်တန်း၊ မောင်ပြည့်ဟိန်းထက် သူငယ်တန်း အထက(၁)ဒဂုံတို့က ရရှိကြသည်။

မူလတန်း (အကြီး)အဆင့် ပန်းချီ ပြိုင်ပွဲတွင် ပထမဆုကို မဆုပြည့်ပြည့်စံ တတိယတန်း ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း ကမာရွတ်၊ ဒုတိယဆုကို မောင်ဇင်ဝေအောင် စတုတ္ထတန်း အထက(၁) ဒဂုံ၊ တတိယဆုကို မောင်အောင်ပိုင်စိုး စတုတ္ထတန်း အလက(၂)ပဲခူး၊ အထူးဆုများအဖြစ် မောင်တိုးဝေယံ တတိယ တန်း အထက(၆) ဗိုလ်တထောင်၊ မောင်စည်သူအောင် စတုတ္ထတန်း အမက(၃၂)တာမွေ၊ မောင်ကျော်သီဟ စတုတ္ထတန်း အထက(ခွဲ)နတ်ကြီး ချောင်းကျေးရွာ ပေါင်မြို့နယ် မွန် ပြည်နယ်၊ မဆုယမင်း တတိယတန်း အထက(၁)ဒဂုံ၊ မောင်ထက်နိုင်လင်း စတုတ္ထတန်း အထက(၁)ဒဂုံတို့က ရရှိကြသည်။

အလယ်တန်းအဆင့်

အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲ တွင်ပထမဆုကိုမခိုင်မြတ်မျိုးထွန်းလင်း ဆဋ္ဌမတန်း ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း ကမာရွတ်၊ ဒုတိယဆုကို မောင်ထင်ကျော်ကောင်းထက် သတ္တမတန်းပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း ကမာရွတ်၊ တတိယဆုကို မောင်နေမျိုးဦး ပဉ္စမ တန်း အထက(၆) ဗိုလ်တထောင်၊ အထူးဆုများအဖြစ် မသင်ဇာလွင် သတ္တမတန်း အထက (၂) လသာ၊ မောင်အောင်နိုင်ဦး သတ္တမတန်း ပညာရေးတက္ကသိုလ် လေ့ကျင့်ရေး ကျောင်း ကမာရွတ်၊ မမြတ်သီရိမောင် ပဉ္စမတန်း အလက(၁) ရန်ကင်း၊ မောင်ကောင်းထက် ဆဋ္ဌမတန်း ပညာရေးတက္ကသိုလ် လေ့ကျင့်ရေး ကျောင်း ကမာရွတ်၊ မဆုမြတ်နိုး သတ္တမတန်း ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း ကမာရွတ်တို့က ရရှိကြသည်။

အထက်တန်းအဆင့်

အထက်တန်းအဆင့် ပန်းချီပြိုင်ပွဲ တွင် ပထမဆုကို မောင်ဇင်ကိုကို အဋ္ဌမတန်း အထက(၄) အလုံ၊ ဒုတိယ ဆုကို မရှယ်လီဝင်း နဝမတန်း အထက (၅) ဗိုလ်တထောင်၊ တတိယဆုကို မဆုဝင်းထိုက် ဒသမတန်း အထက(၁) ဒဂုံ၊ အထူးဆုများအဖြစ် မဝင်းသူဟန် နဝမတန်း အထက(၂) လသာ၊ မောင်ကောင်း မြတ်မင်းစိုး နဝမတန်း ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး ကျောင်း ကမာရွတ်၊ မမီမီချိုသန်း နဝမတန်း အထက(၂) ရန်ကင်း၊ မောင်ဆုပိုင်ထွန်း အဋ္ဌမတန်း အထက (၁)သန်လျင်၊ မောင်ဖြိုးဇင်လတ် အဋ္ဌမတန်း မြို့မအလက ကျောက်တန်း တို့ကရရှိကြသည်။

အလွတ်တန်းအဆင့်ပန်းချီပြိုင်ပွဲ တွင် ပထမဆုကို ဦးကျော်မြင့်နိုင် အမှတ် (၇/၁၅၉) ဦးပန်းဖြူလမ်း တောင်ငူ၊ ဒုတိယဆုကို မကေသီနွယ် (မေသုဝံ) တိုက်(၁၀၈) လေးထပ် ယာခန်း စဉ့်အိုးတန်းလမ်း၊ တတိယ ဆုကို မောင်စည်သူအောင် တတိယ နှစ် (စီးပွားရေး) အမှတ် (ဃ/၁၇၂) အောင်သပြေလမ်း၊ ဦးအေးမြင့် သရက် မော်(၂)ရပ်ကွက်တောင်ငူ၊ အထူးဆုများ အဖြစ်မောင်ရဲကျော်စွာ အမှတ်(၁၇၇) ဝဇီယာ(၄)လမ်း၊ ဦးသိန်းကျော် အမှတ် (၁၃၇) (၈)လမ်း (၃)ရပ်ကွက် တောင်ဥက္ကလာ၊ ဦးမောင်ဦး အမှတ်(၈) ကိုယ့်မင်းကိုယ်ချင်းလမ်း ဗဟန်း၊ ဦးဝင်းစိန် အမှတ်(၃) ရပ်ကွက် ဦးကာလမ်း တောင်ငူတို့က ရရှိကြ သည်။

အလွတ်တန်းအဆင့်

အလွတ်တန်းအဆင့်(ပလာစတာ) ပန်းပုပြိုင်ပွဲတွင် ပထမဆုကို မမွန်မွန် မြတ် စတုတ္ထနှစ် ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)၊ ဒုတိယဆုကို မောင်ရဲဝံ့စိုး အမှတ် (၉၁၁) တပင်ရွှေထီးလမ်း (၁)ရပ်ကွက်သမိုင်း၊ တတိယဆုကို မောင်ကျော်ကြည်စိုး ဆားခါးရွာ ဆားလင်းကြီးမြို့နယ်၊ အထူးဆုများ အဖြစ် မောင်ခင်မိုးထွဋ် ကမ္ဘောဇ ရိပ်သာဝင်း ဗဟန်း၊မောင်စိုးမြင့်သူ စတုတ္ထနှစ် ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)၊ မောင်အောင်ဇော်ဇော်ငြိမ်း တိုက်(၈) အခန်း(၃၀၆) အောင်ဇေယျ အိမ်ရာ ဒဂုံမြို့သစ်တောင်ပိုင်း၊ မောင်ညီ မင်း ရိုးရာ ပန်းပညာရှင်များအစည်း အရုံး ပဲခူး၊ ဦးကျော်စွာဝင်း ရိုးရာ ပန်းပညာရှင်များအစည်းအရုံး ပဲခူး တို့က ရရှိကြသည်။

အလွတ်တန်းအဆင့် (သစ်သား) ပန်းပုပြိုင်ပွဲတွင် ပထမဆုကို ကိုသောင်းထိုက် ဒါးပိန်၊ ဒုတိယဆုကို ကိုမျိုးမင်းအောင် ဒါးပိန်၊ တတိယဆုကို ကိုဇော်လတ် ဒါးပိန်၊ အထူးဆုများအဖြစ် ကိုသိန်းဇော် အမှတ်(၂၂၇) သစ္စာလမ်း (၃၉ A) ရပ်ကွက် ဒဂုံမြို့သစ် မြောက်ပိုင်း၊ ဦးတင်ညွန့် ဒါးပိန်၊ မောင်ရာဇာဦး ဒါးပိန်၊ ဦးဌေးလွင် ဒါးပိန်၊ ဦးရွှေဝင်းသန့် ဒါးပိန် တို့ကရရှိကြသည်။

ပါဝင်ယှဉ်ပြိုင်

(၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ပန်းချီပန်းပုပြိုင်ပွဲသို့ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာ ကျောင်းများ၊ တက္ကသိုလ်ကောလိပ်သိပ္ပံများမှ ကျောင်းသားကျောင်းသူများနှင့် ပန်းချီ၊ ပန်းပု ပညာရှင်များသည် အထူးစိတ်ဝင်စားစွာ ပါဝင်ယှဉ်ပြိုင် ပေးပို့ကြရာ ပြိုင်ပွဲဝင် ပန်းချီကားစုစုပေါင်း ၆၅၇ ကားပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ပန်းပုပြိုင်ပွဲတွင် သစ်သားပန်းပု ၇၁ ရုပ်နှင့် ပလာစတာ ပန်းပု ၂၉ ရုပ် စုစုပေါင်း ၁၀၀ ပါဝင်ယှဉ်ပြိုင်ခဲ့ ကြကြောင်း တွေ့ရှိရသည်။

ယှဉ်ပြိုင်

ပြိုင်ပွဲဝင်ပန်းချီပန်းပုလက်ရာများသည် အနုပညာလက်ရာ အရည်အသွေး ပိုးမိုတိုးတက်မြင့်မားလာသည့် အလျောက် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားစေပြီး တပ်မတော်၏ အစဉ်အလာကောင်း (၁၂)ရပ်ကို ပေါ်လွင် အောင် ဖော်ကျူး၍ ပြည်သူနှင့်တစ်သားတည်း ဖြစ်သော ပြည်သူ့တပ်မတော်ကို ပေါ်လွင်ထင်ရှားအောင် ရသမြောက် ဖန်တီးရေးဆွဲထုလုပ် ယှဉ်ပြိုင်ထားကြကြောင်းတွေ့ရှိရသည်။

ပိုမိုတိုးတက်လာ

မျိုးချစ်စိတ်ဓာတ်၊ ဇာတိသွေး ဇာတိမာန် ရှင်သန်ထက်မြက်စေရေးနှင့် တိုင်းချစ်ပြည်ချစ်စိတ် အမျိုးသားရေး အားမာန်များကို တိုးပွားရှင်သန်စေသော လက်ရာများ ပိုမိုတိုးတက်လာကြောင်းတွေ့ရှိရသည်။

ပန်းချီ၊ ပန်းပု

ပန်းချီ၊ ပန်းပုပြိုင်ပွဲများ၌ ပထမ၊ ဒုတိယနှင့် တတိယ ဆုရရှိကြသူများအား ၂၀၀၄ ခုနှစ် မတ် ၂၇ ရက်တွင် ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ ကျင်းပမည့် (၅၉)နှစ်မြောက်တပ်မတော်နေ့ အထိမ်းအမှတ် စာပေအနုပညာပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဆုများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပြီး အထူးဆုများကိုသက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် အသီးသီး၌ကျင်းပမည့်(၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ဆုချီးမြှင့်ပွဲအခမ်းအနားများတွင် ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်းသိရသည်။

ပေးပို့

ပန်းချီပန်းပုပြိုင်ပွဲအဆင့်အသီးသီး၌ ဆုရရှိသူများအားလုံးသည် (၁ လက်မခွဲ X ၂ လက်မ)အရွယ် ကိုယ်တစ်ပိုင်း ရောင်စုံဓာတ်ပုံနှစ်ပုံကို မတ် ၁၅ ရက် အရောက် အတွင်းရေးမှူး ပန်းချီပန်းပု ပြိုင်ပွဲ ပြပွဲကျင်းပရေးဆပ်ကော်မတီ တပ်မတော်ခန်းမ ဦးဝိစာရလမ်း ရန်ကုန်မြို့သို့ ပေးပို့ကြရမည်ဖြစ်သည်။ (သတင်းစဉ်)

NEW CAMPUS CHILD CARE & LANGUAGE CENTRE

SUMMER COURSE (အသက် ၂ နှစ်ခွဲမှ ၁၄ နှစ်)

English 4 Skills, Computer and Extra activities

NEW MOTION TRAVELS CO., LTD.

Air Ticket, Airport Bus, Standard Hotel, Restaurant, Medical Care, Guide Service

ပုဂံ Mar 20,26 · တောင်ကြီး Mar 20,26 · ငွေဆောင် Mar 20,27 · ချောင်းသာ Mar 12,19

Ph : 726 799, 537 024

Aircon Express, Hotel, Restaurant & Guide Service

April 12 · 5-Nights · 6-Days · April 11

Ph: 378547, 254250

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ စမ်းချောင်း၊ မြင့်မိုရ်လမ်း၊ အမှတ်(၄၄)နေ
ဒုတိယဗိုလ်မှူးကြီးမြင့်သိန်း(ငြိမ်း)–ဒေါ်ခင်လှကြည်
တို့၏သားငယ်

မောင်မင်းလွင်ကျော်

နှင့်

ရန်ကုန်မြို့၊ စမ်းချောင်း၊ မြင့်မိုရ်လမ်း၊ အမှတ်(၃၃)နေ
ဦးမြသန်း(မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း)–ဒေါ်မြစော
တို့၏သမီးငယ်

မမိုးစပါယ်သန်း

တို့သည် ၆–၂–၂၀၀၄ရက်နေ့တွင် နှစ်ဖက်သောမိဘဆွေမျိုးများ ရှေ့မှောက်၌ လက်မှတ်ရေးထိုးလက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်မင်းလွင်ကျော်–မမိုးစပါယ်သန်း။

cyberenglishcentre

Special Summer School Programme (2004)

1. Cyber for Teens (High & Middle School Level)
2. Cyber for Kids (Middle & Primary School Level)
3. Cyber for Kindergarten (K.G Level)

CHRD
NZMEC 712002, 09501...; 527...

JUNIOR LEADER

Myat Shwe Zigon Pagoda (Pathein)

Read Junior Leader to improve your English.

OD Tour

Flight

No.32

FEB COMPUTER CENTRE

B.E (Electronics)

1. HARDWARE & SYSTEM TRAINING (A+)
- Overview of Computer
- Mother Board, CPU
- DRAM, SRAM, CMOS
- ROM BIOS, FDD, HDD
- Troubleshooting
- DOS, CMOS Setup
- Norton, Virus Utility
- Software Installation
- Hardware Installation
- Network Installation

2. WINDOWS 98, XP COURSE
- Word 2002, Excel 2002, Page Maker 6.5, E-mail

3. FEB COMPUTER SERVICES

Upgrading - 486, Pentium, Pentium II, III, P4

Rental - Pentium, PII Computer

4. TAPE TO VIDEO CD

No. 228, 1st Floor, Konezaydan Street
Pabedan Township
☎ 241861
E-mail : feb@mptmail.net.mm

Yan Aung

SHINE AC.DC

TOP

ကမ်းခြေသင်္ကြန်
(၁၁–၄–၂၀၀၄)ည ထွက်မည်

☎ ၂၅၃၄၀၇ ၊ ၂၄၅၁၈၆ ၊ ၃၈၀၂၂၈ ၊ ၀၉–၅၀–၁၁၃၁၂

ဆန် + ဆီ ဝယ်မယ်ဆိုရင် OK ကို ဆက်သွယ်မှာကြားမှ စိတ်ချရတယ်

OK

NPE

Y.E.S. မူအင်္ဂလိပ်စကားပြော သင်တန်းများ

MAR-15

Basic Spoken English MAR - 1,4,15,20,22,29
Pre-IntermeDiate English MAR - 15,20,22,29
Academic Writing Course MAR - 27
Vocabulary Enrichment Course MAR - 15
TOEFL, IELTS, SAT(I), SAT(II), GFC, I.E
No.119, YWCA Building, Bogalayzay Street, Botataung TSP.
- 245821

ဝန်ထမ်းအမြန်အလိုရှိသည်

(ပြည်တွင်း၌ မြန်မာကျပ်ငွေဖြင့် ခန့်ထားရန်)

1. Sales & Marketing **ကျား/မ (၃) ဦး**
လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၅)နှစ်၊ ရုပ်ရည်သန့်ပြန့်ရမည်။ ဈေးကွက်နှင့် အရောင်းမြှင့်တင်ရေးလုပ်ငန်းကျွမ်းကျင်ရမည်။

2. Secretary **ကျား (၁) ဦး**
ဘွဲ့ရ၊ အင်္ဂလိပ်စာ ရေး၊ ဖတ်၊ ပြော ကျွမ်းကျင်ရမည်။ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ်၊ရုပ်ရည်သန့်ပြန့်ပြီး ယာဉ်မောင်းကျွမ်းကျင်ရမည်။

CV၊ ဓာတ်ပုံ(၂)ပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်း ထောက်ခံစာမိတ္တူတို့နှင့်အတူ အောက်ပါလိပ်စာသို့ကြော်ငြာပါသည့်နေ့မှ စ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

First Asia Co., Ltd. (Crown & Asahi Electronic)
တိုက်အမှတ်(၃၂)၊ အောင်သပြေလမ်း (ယုဇနပလာဇာအနောက်ဘက်) မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
Ph-299732, 200747(Ext:7468, 7460)

ရောင်းမည်

လှိုင်၊ ရော်ဖီခြံ ဒသမ ၂၇၉ဧက မြေ၊ ရေ၊ မီး (ပါဝါ+၃) ခြံဝင်းသီးသန့်။

ဖုန်း - ၂၅၂၆၉၁။

ရောင်းမည်

ကန်တော်လေး၊ ၉၄လမ်း၊ ၁၂½'x၅၀' မြေညီ + ပထပ် (နှစ်လွှာ)၊ ရေ၊ မီး။

ဖုန်း - ၂၅၂၆၉၁။

ဦးတင်ညွန့် အသက်(၆၂)နှစ်

မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်း နည်းပြ
ပို့ဆောင်ရေးဝန်ကြီးဌာန ဘောလုံးအသင်း တပ်မတော်ရေ၊ အရာခံဗိုလ်(ငြိမ်း)

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်တထောင်လမ်း၊ အမှတ်(၃၇)၊ အခန်း(၁၀)နေ (ဦးသောင်း-ဒေါ်သန်းကြည်)၊ (ဦးကင်းချို-ဒေါ်သန်းမေ)တို့၏ သားသမက်၊ ဒေါ်ဟန်ရီ၏ ချစ်လှစွာသောခင်ပွန်း၊ မရီရီဇော်၊မောင်ဘိုဘိုဟန်တို့၏ မွေးသဖခင်၊ ဦးဇော်မြင်-ဒေါ်ချိုချိုထွန်း၊ ဦးဇော်တင့်-မညိုညို၊ မောင်ဇော်အောင်၊ မဥမ္မာဇော်တို့၏ ဦးလေးသည် ၈-၃-၂၀၀၄ရက်နံနက်၁၁နာရီတွင်ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၃-၂၀၀၄(ဗုဒ္ဓဟူးနေ့)နံနက် ၁၀နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးအောင်သိန်းမြင့် အသက်(၅၇)နှစ်

ဦးစီးအရာရှိ
စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ အနော်မာအရှေ့(၁၄)လမ်း၊ အမှတ်(၆၀၈)နေ (ဦးမောင်အုန်း-ဒေါ်အေး)တို့၏ သား၊ (ဦးသောင်း)-ဒေါ်မြင့်တို့၏ သားသမက်၊ ဒေါ်ခင်ငွေဝင်း၏ခင်ပွန်း၊ မောင်ကျော်ရန်နောင် B.A(Geo)၊ မအင်ကြင်းအောင် B.Sc (Maths)၊ မနှင်းနှင်းသော် 3rd year (BBA)တို့၏ ဖခင်သည် ၇-၃-၂၀၀၄ ရက် ည ၈နာရီတွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

(နေအိမ်မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးစိန်လင်း(၈၅)နှစ်

လွှတ်လပ်ရေးမော်ကွန်းဝင်ဒုတိယဆင့် (ထားဝယ်)

ထားဝယ်မြို့၊ ခုံဝင်းဒပ်ရပ်၊ ပိတောက်ရွှေဝါလမ်း၊ အမှတ်(၃၂၁)နေ (ဦးလွန်းဘင်-ဒေါ်စိန်ချယ်)တို့၏သား၊ (ဒေါ်တင်တင်)၏ခင်ပွန်း၊ (ဦးဂွမ်ရှိန်-ဒေါ်တင်တင်ဝင်း)၊ ဦးမျိုးအောင်-ဒေါ်ခင်ညွန့်၊ ဦးအောင်လွင်(ဆလရ)-ဒေါ်ရီရီဝင်း၊ ဒေါ်သန်းသန်းဝင်း (အထက-၃၊ ထားဝယ်)၊ ဦးအောင်ကျော်ဦး-ဒေါ်ချိုချိုဝင်း(မြိတ်ဆေးရုံကြီး)၊ ဦးသိန်းထိုက်-ဒေါ်မူမူဝင်းတို့၏ဖခင်သည်၈-၃-၂၀၀၄ (တနင်္လာနေ့) ညနေ၅:၃၀နာရီတွင် ကွယ်လွန်ပါ၍ ၁၁-၃-၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲ၂နာရီတွင် နေအိမ်မှ ဝဲကျွန်းသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားပါသည်။

ကျန်ရစ်သူမိသားစု။

အရာခံဗိုလ်စိန်လုံးအောင်(ငြိမ်း) အသက်(၆၂)နှစ်

(မိတ္ထီလာ)

မာန်အောင်မြို့နယ်နေ ဦးတောင်လုံး-ဒေါ်စိန်အေးတို့၏သားကြီး၊ မိတ္ထီလာမြို့၊ ပြည်သာယာနေ ဒေါ်ဝင်းမေ (မြန်မာ့ဝါးလုပ်ငန်း)၏ခင်ပွန်း၊ ကိုခင်မောင်ဝင်း-မညိုညိုသန့်၊ ကိုခင်မောင်လင်း၊ ကိုမျိုးဇော်ဝင်း-မဆွေဆွေဝင်း၊ ကိုခင်မောင်ထွန်း-မစန်းစန်းသီ၊မသွယ်သွယ်ထူး၊မအေးအေးသွယ်၊ မငြိမ်းငြိမ်းအိ၊ သန်းဌေးအောင်၊ မောင်မြတ်မင်းတို့၏ ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၅-၃-၂၀၀၄ (သောကြာနေ့) ည ၁၀:၀၄နာရီတွင် ကွယ်လွန်ပါ၍ ၇-၃-၂၀၀၄ (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် အောင်ပင်သာသုသာန်၌ ဂူသွင်းသဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးတင်လေး(ခ)ဦးလှပြုံး အသက်(၅၆)နှစ်

ညီနောင်သုံးဖော်တာယာဆိုင်

စစ်ကိုင်းတိုင်း၊ ဘုတလင်မြို့နယ်၊ ဆုံကုံးရွာနေ (ဦးပုလဲ-ဒေါ်စိန်အေး)တို့၏သား၊ ဒေါ်သာမ၏ မောင်၊ မမော့၊ ကိုတာ၊ မကိုင်းကြည်တို့၏ အစ်ကို၊ တာမွေမြို့နယ်နေ (ဦးဟုတ်စိန်)-ဒေါ်ခင်နွဲ့တို့၏ သားသမက်၊ ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ စမ်း/မြောက်ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ် (၁၀၄)နေ ဒေါ်ခင်စန်းဝင်း၏ ခင်ပွန်း၊ မောင်ကျော်သူရ၊ မလှလှဝင်း၊ မောင်အေးမင်းဇော်၊ မောင်မိုးဇော်အောင်၊ မောင်လှဌေးမောင်တို့၏ ဖခင်သည် ၈-၃-၂၀၀၄ (တနင်္လာနေ့) ညနေ ၃:၃၅နာရီတွင် ကွယ်လွန်ပါသဖြင့် ၁၀-၃-၂၀၀၄(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ကျင်ခွေး (၈၇)နှစ်

သူငယ်ချင်းဒေါက်တာတင်ယု (William Tait)၏မိခင် ဒေါ်ကျင်ခွေး ၈-၃-၂၀၀၄ရက်တွင်ကွယ်လွန်ကြောင်းသိရပါ၍ သူငယ်ချင်းနှင့်ထပ်တူကြေကွဲဝမ်းနည်းရပါသည်။

၁၉၆၄ခုနှစ်၊ ဆေး(၁)သူငယ်ချင်းများ။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်ရီ(၈၅)နှစ်

ဒေါက်တာဦးဝမ်းမောင် (ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေးဦးစီးဌာန)၊ ဒေါက်တာမာလာဆွေ(သားဖွား၊ မီးယပ်အထူးကုဆရာဝန်ကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ရန်ကုန်)တို့၏မိခင် ကွယ်လွန်ကြောင်းသိရ၍ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းရပါကြောင်း။

ဆေးရုံအုပ်ကြီးနှင့်ဝန်ထမ်းများ
မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံကြီး၊ ရန်ကုန်မြို့။

ဝမ်းနည်းကြေကွဲခြင်း

ပါမောက္ခ ဦးခင်မောင်လတ် အသက်(၆၄)နှစ် ပါမောက္ခ/ဌာနမှူး(ငြိမ်း) သွားတုဆေးပညာဌာန၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်သည် ၆-၃-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်းကြားသိရ၍ မိသားစုနှင့်ထပ်တူ ကြေကွဲဝမ်းနည်းရပါသည်။

အရာခံဗိုလ်ထွန်းကြည်၊ သွားဆေးကုဌာန၊
တပ်မတော်ဆေးရုံကြီး၊ မင်္ဂလာဒုံ။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း ဒါယိကာမကြီး

ဒေါ်အေးခင် (၉၂)နှစ်

(ကျီးသဲ)

ပဲခူးတိုင်း၊ ရွှေတောင်မြို့နယ်၊ ကျီးသဲမြို့၊ အမှတ်(၅၂)၊ ပန်းထိမ်တန်းလမ်းနေ (ဦးမောင်မိုက်)၏ ဇနီး၊ ဦးတင်ဝင်း-[ဒေါ်ခင်ဆွေနွဲ့(ခ)ဒေါ်ဖုန်ငွေ]တို့၏ မိခင်၊ ကိုသက်နိုင်ဇော်-ဒေါ်ထေရီစံ၊ ဦးစောမြင့်သိန်း(ခ)ပေါက်စတို့၏အဘွားသည် ၈-၃-၂၀၀၄ရက် နံနက် ၈နာရီတွင် ပြည်မြို့၊ မျိုးသုခဆေးခန်း၌ ကွယ်လွန်ပါ၍ ၁၀-၃-၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ကျီးသဲမြို့၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးဘသာ(၈၇)နှစ်

ယဉ်ကျေးမှုဗိမာန်၊ ငြိမ်း
(ဓနုဖြူ၊ ကန်တော်ကလေး)

ဓနုဖြူမြို့နေ (ဦးဖိုးတင်-ဒေါ်နှစ်)တို့၏သား၊ (ဒေါ်မြရင်)၊ (ဒေါ်မြကျင်)တို့၏ မောင်၊ (ဦးဘလှ)၏ညီ၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ အမှတ်(၈၉)၊ ပထပ်/ညာနေ (ဒေါ်မြရင်)၏ခင်ပွန်း၊ ဦးမြင့်သောင်း(Victoria Shipping Co., Ltd)-ဒေါ်ခင်အေးသိုက်၊ ဦးအောင်သိုက်(ရန်ကုန်တိုင်းစာရင်းရုံး)-ဒေါ်အုံးသန်း(ဒဂုံမြို့နယ်စာရင်းရုံး)၊ ဒေါ်ခင်ဆွေသိုက်(ရန်ကုန်တက္ကသိုလ်)တို့၏ ဖခင်၊ မြေးခုနစ်ယောက်တို့၏ အဘိုးသည် ၈-၃-၂၀၀၄(တနင်္လာနေ့) နံနက်၀၁:၀၆နာရီတွင် ကွယ်လွန်ပါ၍ ၁၀-၃-၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ၁နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

ဦးစိုးသိန်း (၅၉နှစ်)

D.P.M.S (Rgn;), C.M.R (Osaka), B.Sc (Mdy) Medical Radiographer
(မိတ္ထီလာ)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးသိန်းမောင်-ဒေါ်မြကြည်)တို့၏သားကြီး၊မိတ္ထီလာမြို့၊ နန်းတော်ကုန်းရပ်နေ (ဦးစိုးမင်း-ဒေါ်ဆောင်)တို့၏ သားသမက်၊ ကိုကျော်သူ-မမြတ်သင်းစိုး (Ivanhoe Co. Ltd၊ ရန်ကုန်ရုံးချုပ်)၊ ကိုမင်းစိုးဟန်-မအေးအေးသန့်(မင်းစိုး-ပန့်၊ နော်ဇယ် ပြုပြင်ရေး၊ ဘုရားကြီးမြို့)၊ ကိုကျော်စိုးဟန် (Silimon Moniter Service၊မန္တလေး)တို့၏ ဖခင်၊ ဒေါ်သန်းလှစိုး(မြို့နယ်သူနာပြုဆရာမကြီး၊ ပြည်သူ့ဆေးရုံ၊ မိတ္ထီလာ)၏ ခင်ပွန်း၊ မမွန်စည်သူ၊ မောင်ရဲရင့်သွေးတို့၏ အဘိုးသည် ၃-၃-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၄-၃-၂၀၀၄ရက်တွင် မိတ္ထီလာမြို့ မြင်တော်ကန်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်းရပ်နီး ရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

မောင်အောင်ကျော်သူ အသက်(၂၉)နှစ်

(ကြည့်မြင်တိုင်)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးရွှေစိုးလမ်း၊အမှတ်(၂၁)နေ (ဦးမောင်မောင်)-ဒေါ်ခင်မြင့်တို့၏ သား၊ ကိုစိန်ဝင်း၊ မမြသီတာ၊ မခင်သီတာစိုးတို့၏ ညီ/မောင်၊ မဇာဇာမောင်၏ အစ်ကိုသည် ရန်ကုန်အနောက်ပိုင်းဆေးရုံကြီးတွင် ၈-၃-၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၃-၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း

ဒေါ်ခင်မေ(ခ)နဂ်ျမွန်းနီဆာ အသက်(၇၇)နှစ်

ရန်ကုန်မြို့နေ (ဦးဟာတင်-ဒေါ်ကြည်)တို့၏သမီး၊ စစ်တွေမြို့နေ (အရေးပိုင်ဦးဘသင် - ဒေါ်ဝင်း)တို့၏ သမီးချွေးမ၊ အမေရိကန်ပြည်ထောင်စု Salt Lake City နေ ဦးသောင်းစိန် (Ex Representativc Glaxo, UK)၏ဇနီး၊ ဒေါ်ချယ်ရီဝင်း- Mr. Salman (ခေတ္တ-Canada)၊ ဒေါ်မာလာဝင်း-ဦးမောင်မောင် (ခေတ္တ-USA)တို့၏ မိခင်၊ Michelle၊ Yusuf၊ Zuhayr တို့၏ အဘွားသည် ၁၇-၂-၂၀၀၄ရက်တွင် အမေရိကန်ပြည်ထောင်စု Salt Lake City မြို့၌ အလ္လာသျှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် ၁၈-၂-၂၀၀၄ရက်တွင် ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း ဒါယိကာမ

ဒေါ်သိန်းမြင့် (၆၉)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်နေ (ဦးငွေချို-ဒေါ်အေး)တို့၏ သမီး၊ ဦးညွန့်-(ဒေါ်သန်းစိန်)တို့၏ သမီးချွေးမ၊ (ဦးအောင်သန်း)-ဒေါ်သန်းမေ၊ ဦးမှန်း-ဒေါ်တင်ရီတို့၏ ညီမ၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ သီရိလမ်း၊ အမှတ်(၁၂၄၃/၄၅)နေ ဦးစိုးညွန့် (ဒုတိယညွှန်ကြားရေးမှူး၊ ငြိမ်း၊ စီးပွား/ကူးသန်း ဝန်ကြီးဌာန)၏ ဇနီး၊ ကိုမိုးကိုကို၊ ကိုမင်းကိုကို၊ ကိုနေလင်းကိုကို-မကြည်ကြည်ဝင်းတို့၏ မိခင်၊ မောင်ရဲဝင့်အောင်၏ အဘွားသည် ၇-၃-၂၀၀၄(တနင်္ဂနွေနေ့) နံနက် ၉:၀၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၂:၂၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဗိုလ်မှူးစိုးမြင့်သောင်း(၆၂)နှစ်

(အငြိမ်းစား)

ရန်ကုန်မြို့နေ (ဦးသောင်း)-ဒေါ်စောကြင်တို့၏ သား၊ ပခုက္ကူမြို့နေ (ဦးကြင်-ဒေါ်အေးရှင်)တို့၏ သားသမက်၊ ပခုက္ကူမြို့၊ မြို့မလမ်းနေ ဒေါ်ခင်ဝင်းကြည်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဝင်းမြင့်ဦး-ဒေါက်တာယဉ်ယဉ်ဦး(ဓာတ်မှန်ဆရာဝန်၊ ရန်ကုန်ဆေးရုံကြီး)၊ မောင်သီဟစိုး-မခင်ခင်ညွန့်၊ မောင်ဇာဏီ-မသီတာစိုးတို့၏ ဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၈-၃-၂၀၀၄ ရက် နံနက် ၁၀:၂၅နာရီတွင် ပခုက္ကူမြို့နေအိမ်၌ ကွယ်လွန်သွားပါ၍ ၉-၃-၂၀၀၄ ရက်တွင် ပခုက္ကူမြို့၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး၊ ရပ်နီး၊ ဆွေမျိုးများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးသိန်းထွန်း (၄၉)နှစ်

Chin Su (Myanmar) Co., Ltd.

ရန်ကုန်တိုင်း၊ သုံးခွမြို့နယ်၊ ကျောက်တိုင်ကျေးရွာနေ (ဦးထွန်းရီ-ဒေါ်ခင်အေး)တို့၏ သား၊ (ဦးသောင်း)-ဒေါ်ခင်ခင်တို့၏ သားသမက်၊ ရန်ကုန်တိုင်း၊ဒဂုံမြို့သစ်တောင်ပိုင်း၊(၇၀)ရပ်ကွက်၊ ဆုထူးပန်(၇)လမ်း၊ အမှတ်(၁၀၆၁-က)နေ ဒေါ်အေးမြင့်၏ ခင်ပွန်း၊ ဦးထွန်းလင်း-ဒေါ်မိုးမိုး၊ ဦးသန်းလှိုင်-ဒေါ်မာမာရီ၊ မတင်တင်ရွှေတို့၏ အစ်ကို၊ မခင်ဖြူဖြူထွန်း၊ မောင်လှိုင်မင်းထွန်း၊ မမိုးပွင့်ဖြူဖြူထွန်းတို့၏ ဖခင်သည် ၈-၃-၂၀၀၄(တနင်္လာနေ့) နံနက် ၃:၃၀နာရီတွင် စံပြဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၀-၃-၂၀၀၄ ရက် မွန်းလွဲ ၁ နာရီတွင် စံပြဆေးရုံမှ ကျည်စုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး

ဒေါ်ကျင်ခွေး(၈၇)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၀၂)၊ အောင်မင်္ဂလာလမ်း၊ တာမွေမြို့နယ်နေ (ဦးထွန်းလှိုင်)၏ ဇနီး၊ ဒေါက်တာဦးတင်ယု၊ ဦးလှဝင်းတို့၏ မွေးသမိခင်၊ မြေးလေးယောက်တို့၏ အဘွားသည် ၈-၃-၂၀၀၄ရက် နံနက် ၁၁:၀၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၀-၃-၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး

ဒေါ်တင်ကြည် (၈၆)နှစ်

(ဝါးဘလောက်သောက်)

ရန်ကုန်မြို့၊အမှတ်(၁၀၆)၊ ၄၈ လမ်းနေ(ဦးပန်)၏ ဇနီး၊ ဦးချစ်မောင် (ရွှေစင်မြန်မာတည်းခိုခန်း) - ဒေါ်သန်းနွယ်၊ ဒေါ်ညွန့်ညွန့်၊ ဦးမောင်စိန်(ခ)ဦးစိန်ကြီး (ရွှေငွေထွန်း ကားဘော်ဒီရုံ)-ဒေါ်ခင်စန်းမြင့်၊ ဦးစိန်လေး (Aces Group Travels & Tours)-ဒေါ်မြင့်မြင့်ရီ၊ ဦးလှရွှေ (Chief Officer Monsoon Company) - (ဒေါက်တာဒေါ်ခိုင်ခိုင်ရွှေ)၊ ဒေါ်စီစီ (အထက- ၄၊ဗိုလ်တထောင်)တို့၏ မိခင်၊ မြေးကိုးယောက်တို့၏ အဘွားသည် ၇-၃-၂၀၀၄ရက်နံနက်၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါ နေအိမ်မှ ကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ကျောင်းဒါယကာကြီး

ဦးအုန်းကျော်(၆၆)နှစ်

ဒုတိယညွှန်ကြားရေးမှူးချုပ် မိုး/ဇလ၊ ငြိမ်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ခြံအမှတ်(၃)၊ အောင်မင်္ဂလာလမ်းနေဦးသာဒွန်းဦး-(ဒေါ်ကြည်)တို့၏ တစ်ဦးတည်းသောသား၊ (ဒေါက်တာဦးကြွယ်-ဒေါ်အေးကြူ)တို့၏ သားသမက်၊ ဒေါ်မြမြ(မန်နေဂျာ၊ ငြိမ်း၊ ကုန်သွယ်ရေး)၏ ခင်ပွန်း၊ မအိအိကျော်၊ဒေါက်တာစည်သူဝင်း-ဒေါက်တာခိုင်ခိုင်ကျော်တို့၏ ဖခင်၊ မောင်ငြိမ်းချမ်း၊ စည်သူဝင်းတို့၏ အဘိုးသည် ၈-၃-၂၀၀၄(တနင်္လာနေ့) မွန်းလွဲ ၁:၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

[၁၄-၃-၂၀၀၄(တနင်္ဂနွေနေ့)တွင် ရက်လည် ဆွမ်းကျွေးမည်ဖြစ်ပါကြောင်း ရပ်နီး၊ ရပ်ဝေး မိတ်သင်္ဂဟများအား အကြောင်း ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု။

ဦးတင်ရွှေ အသက်(၆၀)

(BAC)
(CHINA AIR LINE)

ရန်ကုန်တိုင်း၊ဒဂုံမြို့သစ်(တောင်ပိုင်း) (၂၅/၄၂၂)ရပ်ကွက်၊ အောင်ရတနာလမ်းနေ(ဦးအေးမောင်-ဒေါ်ကြည်)တို့၏ သား၊ (ဦးအေး-ဒေါ်ပို)တို့၏သားသမက်၊ ဒေါ်စန်းမြင့်၏ ခင်ပွန်း၊ မခင်ဝင်း (China Air Line)၊ မောင်ကျော်စိုးလှိုင်၊(မောင်ရဲနောင်)၊ မကြည်ကြည်ဆွေတို့၏ မွေးသဖခင်၊ မဖြူလေး၏အဘိုးသည် ၇-၃-၂၀၀၄(တနင်္ဂနွေနေ့)နံနက် ၁၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၀၄(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(နေအိမ်မှကားများနံနက် ၁၁နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးကျော်ဒင်(၅၉)နှစ်

မြန်မာ့ဘော်လီဘော လက်ရွေးစင် အသင်းခေါင်းဆောင်
လက်ရွေးစင်ဟောင်း
လက်ထောက်မြို့နယ်မှူး၊လမ်းမတော်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ပြည်ထဲရေးဝန်ကြီးဌာန

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နေ (ဦးရွှေသီး-ဒေါ်ချမ်းသာ)တို့၏ သား၊ မြင်းခြံမြို့ (ဦးစိုးမောင်-ဒေါ်ကြည်)တို့၏ သားသမက်၊ အမှတ်(၅၄)၊ ရှမ်းကုန်းလမ်း၊ စမ်းချောင်းမြို့နယ်နေ ဒေါ်ကြည်ကြည်စိုး၏ ခင်ပွန်း၊ ဒေါ်သန္တာဦး (အထက-၂၊စမ်းချောင်း)၊ ဦးသူရ(ဇာဂနာ)-ဒေါ်လွင်မာဦး၊ မစန္ဒာငြိမ်း(ပထဝီ)၊မစိုးနုနုထွေး(ဗိုလ်ချုပ်အောင်ဆန်းဈေး)တို့၏ ဖခင်၊ မြေးငါးယောက်တို့၏ ဘိုးဘိုးကြီး ဦးကျော်ဒင်သည် ၇-၃-၂၀၀၄(တနင်္ဂနွေနေ့) ညနေ ၆ နာရီတွင် မဟာမြိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားသဖြင့် ၉-၃-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(စမ်းချောင်း နေအိမ်မှ ကားများ နံနက် ၉:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဝေဠုဝန်နိကာယဂိုဏ်းသြဝါဒါစရိယ

ဘဒ္ဒန္တ ကုန္ဒက

သိက္ခာတော်(၆၇)ဝါ၊ သက်တော်(၈၇)နှစ်

ဧရာဝတီတိုင်း၊ မြန်အောင်မြို့နယ်၊ အင်ပင်မြို့၊ ခုံတောရကျောင်းတွင် သီတင်းသုံးတော်မူသော ဝေဠုဝန်နိကာယသြဝါဒါစရိယ ဟင်္သာတခရိုင် ဝေဠုဝန်နိကာယဂိုဏ်းစာမေးပွဲကြီး၏ သြဝါဒါစရိယဖြစ်တော်မူသော ဘဒ္ဒန္တ ကုန္ဒက ဆရာတော်ကြီးသည် (၁၃၆၅ခုနှစ်၊တပေါင်းလပြည့်ကျော်၃ရက်)၊ ၈-၃-၂၀၀၄ရက် နံနက်၂:၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၆၅ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ရက်) ၁၄-၃-၂၀၀၄ရက်တွင် အင်ပင်မြို့ ခုံတောရကျောင်းအတွင်း၌ အန္တိမအဂ္ဂိဈာပနသာဓုကီဠနသဘင် ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ကြောင်း ဝေဠုဝန်နိကာယဂိုဏ်းဝင်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ။

ဒေါက်တာဝေဖုန်း(၃၃)နှစ်

M.B.,B.S (YGN)
မြို့နယ်ခွဲဆရာဝန်၊ ရေဇွာမြို့နယ်ခွဲ၊ မတူပီမြို့နယ်၊ ချင်းပြည်နယ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ရွှေနှင်းဆီလမ်း၊ အမှတ်(၁၀၂၈) (ယခင်ပုဇွန်တောင်မြို့နယ်၊ ယုဇနလမ်း၊ အမှတ်-၂၆)နေဦးထွန်းဝေ (လက်ထောက်အထွေထွေမန်နေဂျာ၊ ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)- ဒေါ်အေးကျင်တို့၏ သားထွေး၊ ဦးဝေအောင်(SUNFOCO)၊ ဦးမျိုးလွင်အောင် (C/E-Bay Point Mariting)-ဒေါ်ဝေဝေသန်း၊ ဦးဝင်းနိုင်ထွေး-ဒေါ်ဝေဝေမိုး(ဦးစီးအရာရှိ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)၊ ဦးဝေမောင်-ဒေါ်စိုးသီတာလှိုင်တို့၏ညီ/မောင်၊ မမျိုးမျိုးခွာညိုဇင် (အထက-၂၊လသာ)၊မမေမြတ်မိုးထွေး(TTC)၊မယဉ်မြတ်မိုးထွေး၊ ဖိုးလူအေးတို့၏ ဦးလေးသည် ၈-၃-၂၀၀၄(တနင်္လာနေ့)နံနက် ၃နာရီတွင် ကွယ်လွန်ပါသဖြင့်၁၀-၃-၂၀၀၄ (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများညနေ ၃နာရီတွင် ထွက်ပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၄-၃-၂၀၀၄(တနင်္ဂနွေနေ့)နံနက် ၈နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်း ဒါယိကာမကြီး

ဒေါ်သန်း(၇၆)နှစ်

ဒေါ်သန်းရွှေဆိုင်
(ကရင်ဝင်းစိန်ရွှာ၊ ဘီလူးကျွန်း)

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တောင်ရပ်ကွက်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ အမှတ်(၁၃၉)နေ (ဦးအုန်းမောင်-ဒေါ်အုန်းမေ)တို့၏ သမီး၊ (ဦးတင်)၏ ဇနီး၊ ဒေါ်လှလှသင်း (ဖဆပလအထည်ဆိုင်)၊ ဦးသန်းစိုး-ဒေါ်တင်တင်မိုး၊ (ကိုကျော်မင်းသိန်း)၊ မနီလာဝင်း (Smile Beauty)တို့၏ မွေးသမိခင်၊ မောင်သက်နိုင်ထွန်း (VII-C၊အထက-၄၊မတည)၊ မောင်မိုးနိုင်ထွန်း (IV-A၊အမက-၁၊မတည)၊မထက်နဒီယု (IV-E၊အလက-၁၊ ဒဂုံ)တို့၏ ဘွားဘွားကြီးသည်၈-၃-၂၀၀၄ရက် နံနက် ၀၂:၃၀ နာရီတွင် ရွှေဗဟိုအထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍၈-၃-၂၀၀၄(တနင်္လာနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးစိုးလှိုင်(ခ)ဦးဟုတ်လှိုင် အသက်(၇၃)နှစ်

လဝက (ငြိမ်း)
(မြိတ်/တောင်ကြီး)

မြိတ်မြို့နေ (ဦးအံနီ-ဒေါ်စု)တို့၏ သား၊ (ဒေါ်ကြူ)၊ ဦးအင်စိန်-(ဒေါ်ပို)၊ (ဦးချင်တိတ်-ဒေါ်မွှာ)၊ (ဒေါ်ဟွာ)တို့၏ မောင်၊ (ဦးတိတ်ရှိန်)-ဒေါ်မြိုင်၊ (ဦးဟုတ်ချွမ်)၊ ဒေါ်တီ၊ ဦးဘယူ-ဒေါ်အီတို့၏ အစ်ကို၊အမှတ်(၁၇၅)၊သိပ္ပံလမ်း၊ ကန်ရှေ့ရပ်၊ တောင်ကြီးမြို့နေ [ဒေါ်မြရီ(ခ)ဒေါ်တူး]၏ ခင်ပွန်း၊ မောင်မြင့်သိန်း၊ ဒေါက်တာသန်းသန်းအေး (သဃ်န်းကျွန်းစံပြဆေးရုံကြီး)၊ မောင်စိုးသန့်တို့၏ ဖခင်သည် ၈-၃-၂၀၀၄(တနင်္လာနေ့) တွင် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ ကျိုက္ကဆံ အဆင့်မြင့်အိမ်ရာ၊ တိုက်(C)၊ အခန်း(၂၀၉) တွင် ကွယ်လွန်ပါ၍ ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့တွင် မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးတင်မြင့် (၄၅)နှစ်

(စမ်းချောင်း)

ပဲခူးတိုင်း၊ ပေါင်းတည်မြို့နယ်၊ သာပေါင်းရွာနေ (ဦးငွေမောင်-ဒေါ်ကုလားမ)တို့၏သား၊ အမှတ်(၄၈)၊ မြင့်မိုရ်လမ်း၊စမ်းချောင်းမြို့နယ်နေ ဦးတင်အေး-(ဒေါ်စိန်သန်း)တို့၏ သားသမက်၊ ဒေါ်မြင့်မြင့်သန်း(လယ်/ယာထွက်ကုန်)၏ ခင်ပွန်း၊ မောင်သက်ဝေ(ခ) အောင်အောင် (ပထမနှစ်၊ B.Sc Engineering Electronics ICT)၊ မသက်ထက်မြတ်နိုးတို့၏မွေးသဖခင်သည် ၇-၃-၂၀၀၄ရက် ည၁၁နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၀၄ ရက် မွန်းလွဲ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ မွန်းလွဲ၁၂:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်အေးမြိုင် အသက်(၆၀)

(ဟင်္သာတ)

တောင်ဥက္ကလာပမြို့နယ်၊(၆)ရပ်ကွက်၊ အင်းဝလမ်း(၂၀)၊ အမှတ်(၁၉၃)နေ (ဦးသိန်းထွန်း)၏ ဇနီး၊ ဦးမြင့်ဆွေ-ဒေါ်မြင့်မြင့်စိုး၊ ဦးမြင့်ရှိန်(အမက-၂၊တ/ဥ)-ဒေါ်စောမြင့်၊ ဦးထွန်းရီ-ဒေါ်ခင်စန်းမြင့်တို့၏ အစ်မ၊ ကိုလွင်ဦး-မသန်းသန်းဌေး၊ ကိုသိန်းဦး-မခင်အုန်းမြင့်၊ ကိုကြည်ဦး၊ ကိုမြအောင်-မကြည်ကြည်မွန်၊ ကိုသိန်းဇော်ထွန်း၊ ကိုစိုးသူထွန်း၊ ကိုဝင့်သူထွန်းတို့၏ မွေးသမိခင် ကျေးဇူးရှင်၊မြေးရှစ်ယောက်တို့၏ အဘွားသည် ၈-၃-၂၀၀၄ရက် ညနေ ၅:၃၀ နာရီတွင် ကွယ်လွန်ပါ၍ ၁၀-၃-၂၀၀၄ (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ ညနေ ၃:၄၅ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးခင်မောင်ဦး အသက်(၄၈)နှစ်

CDC-29622

ရန်ကုန်တိုင်း၊ သုဝဏ္ဏမြို့၊ (၂၅)ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ်(၂၉၃)၊ အခန်း(၄)နေ ဗိုလ်ကြီးအုန်းမောင်(ငြိမ်း)-ဒေါ်ကြည်ကြည်တို့၏သားငယ်၊ (ဦးတင်အုန်း)-ဒေါ်တင်အေးတို့၏ သားသမက်၊ ဒေါ်တင်တင်ဝင်း၏ခင်ပွန်း၊ မခိုင်ဖြိုးသူဝင်း၊ မဆုစန္ဒီမောင်နှင့် ပြည့်ဖြိုးကြွယ်တို့၏ဖခင်၊ ဦးခင်မောင်ဦးသည် Ta Shaung Shipping Co.,Ltd(တရုတ်/တိုင်ပေ)၏ Mv Tai Fu No,8ရေယာဉ်တွင် တာဝန်ထမ်းဆောင်စဉ် တရုတ်(တိုင်ပေ)၌ ၇-၂-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ဆွေမျိုးများနှင့် မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးစောခွန်း(၄၁)နှစ်

မော်တော်ယာဉ်ဌာန
နိုင်ငံတော်သမ္မတရုံး

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ သမ္မတအိမ်တော်ဝင်းနေ (ဦးစောဒါဦး)-ဒေါ်နှင်းပန်းတို့၏ သားထွေး၊ ဒေါ်နော်နီ၊ ဦးသိန်းမောင်-ဒေါ်ငွေစိန်(အထက-၂၊ဒဂုံ)၊ ဦးသိန်းမြင့်(Actor's Corner)၊ ဦးဝင်းမြင့်၊ ဦးစောခလေး၊ ဦးစောစေး(နိုင်ငံတော်သမ္မတရုံး)တို့၏ မောင်၊ ညီ၊ မောင်အောင်ကောင်း မြတ်၊မခင်ချိုသက်၊ မနန့်အိအိလွင်တို့၏ ဦးလေးသည် ၇-၃-၂၀၀၄(တနင်္ဂနွေနေ့) မွန်းလွဲ၂:၀၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ခရစ်တော်၌ အိပ်ပျော်ပါ၍ ၉-၃-၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ ၁:၃၀နာရီတွင် ရန်ကုန်ဆေးရုံကြီးမှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းတည့်၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်ကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဂျပန်အောက်လွှတ်တော်အမတ်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန် မတ် ၈

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ် Mr. Koichi Kato နှင့် အဖွဲ့ဝင်များအား ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဝင်းအောင်၊ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ **စာမျက်နှာ ၁၂ ကော်လံ ၁ သို့** ✪

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ် **Mr. Koichi Kato** နှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံ နှုတ်ဆက်စဉ်။ (သတင်းစဉ်)

(၅၉)နှစ်မြောက် တပ်မတော်နေ့ ကြိုဆိုဂုဏ်ပြု
ကြေးမုံသတင်းစာတွင် အထူးကဏ္ဍများ ဖော်ပြမည်

၂၀၀၄ ခုနှစ် မတ်လ ၂၇ရက်နေ့သည် (၅၉)နှစ်မြောက် တပ်မတော်နေ့ဖြစ်ပါသည်။

တပ်မတော်သည် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုကာလတွင် တိုင်းရင်းသားပြည်သူများအတွင်းမှ သန္ဓေတည်ပေါက်ဖွားလာခဲ့ပြီး လွတ်လပ်ရေးရရှိရန်အတွက် ပြည်သူတို့နှင့်အတူ တိုက်ပွဲဝင်ခဲ့သည်။ တစ်ဖန် ရရှိပြီးဖြစ်သည့် လွတ်လပ်ရေးပြန်လည်မဆုံးရှုံးစေရေးအတွက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရာတွင်လည်း တပ်မတော်သည် တိုင်းရင်းသား ပြည်သူတို့နှင့်အတူ သက်စွန့်ကြိုးပမ်း စွမ်းဆောင်ခဲ့ကြောင်း အတိတ်သမိုင်းက ထင်ရှားစွာသက်သေပြခဲ့ပြီးဖြစ်သည်။ ထို့အတူ ယနေ့ကာလတွင်လည်း တပ်မတော်သည် နိုင်ငံတော် ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်တို့အပြင် နိုင်ငံတော်တည်ဆောက်ရေး တာဝန်နှင့် ပြည်သူ့အကျိုးစီးပွား သယ်ပိုးသည့်လုပ်ငန်းတာဝန်များကို စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိသည်။

သမိုင်းအစဉ်အလာကြီးမားပြီး ခေတ်အဆက်ဆက် ပြည်သူတို့ဘက်မှ မားမားမတ်မတ် ရပ်တည်ခဲ့သော တပ်မတော်၏ စွမ်းဆောင်ရည်များကို ဖော်ကျူးဂုဏ်ပြုသောအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကြေးမုံသတင်းစာတွင် မတ်လ ၁၂ ရက်မှ စတင်၍ နိုင်ငံတော်အကြီးအကဲ၏ တပ်မတော်ဆိုင်ရာ အဆိုအမိန့်ကောက်နုတ်ချက်များ၊ တပ်မတော်နေ့ဂုဏ်ပြုခေါင်းကြီး၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ဓာတ်ပုံစာမျက်နှာများဖြင့် ဝေဝေဆာဆာ ဖော်ပြသွားမည်ဖြစ်ပါသည်။ **(ကြေးမုံ)**

အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အိန္ဒိယနိုင်ငံသို့ချစ်ကြည်ရေး သွားရောက်ယှဉ်ပြိုင်ကစားမည့် မြန်မာ့တပ်မတော်ဘောလုံးနှင့် ဘော်လီဘောအဖွဲ့များအား ပို့ဆောင်

ရန်ကုန် မတ် ၈

တပ်မတော် အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အိန္ဒိယနိုင်ငံတွင် ချစ်ကြည်ရေး ပြိုင်ပွဲများ သွားရောက်ယှဉ်ပြိုင်ကစားကြမည့် ကာကွယ်ရေးဝန်ကြီးဌာန စစ်ရေးချုပ်ရုံးမှ ဗိုလ်မှူးကြီးအောင်စံတင် ခေါင်းဆောင်သော မြန်မာ့တပ်မတော်ဘောလုံးနှင့် ဘော်လီဘော အားကစားအဖွဲ့ဝင်များအား ယနေ့ နံနက် ၆နာရီတွင် မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

စာမျက်နှာ ၉ ကော်လံ ၅ သို့ ⇨

တပ်မတော် အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အိန္ဒိယနိုင်ငံ၌ ချစ်ကြည်ရေးပြိုင်ပွဲများ သွားရောက်ယှဉ်ပြိုင် ကစားကြမည့် မြန်မာ့တပ်မတော်ဘောလုံးနှင့် ဘော်လီဘော အားကစားအဖွဲ့ဝင်များအား မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ်၌ ပို့ဆောင် နှုတ်ဆက်စဉ်။
(သတင်းစဉ်)

မူလတကောင်းမြို့ဟောင်း ဧရာဝတီမြစ်အနောက်ဘက်တွင် တည်ရှိခဲ့သည်ဆိုသော ရှေးဟောင်းသမိုင်းကျမ်းများ၏ဖော်ပြချက် မှန်ကန်ကြောင်း ဧရာဝတီမြစ်ကြောင်းဟောင်းက သက်သေခံလျက်ရှိ

ရန်ကုန် မတ် ၈

တကောင်းရာဇဝင်နှင့် မိုးမိတ်ရာဇဝင်စသော မြန်မာ့ရှေးဟောင်းသမိုင်းကျမ်းတို့တွင် ရှေးဟောင်းတကောင်းမြို့သည် ခရစ်နှစ်မတိုင်မီ နှစ်ပေါင်းများစွာကပင် စည်ပင်ထွန်းကားခဲ့ကြောင်း၊ ထိုအချိန်က တကောင်းမြို့ဟောင်းသည် ဧရာဝတီမြစ်၏ အနောက်ဘက်တွင် တည်ရှိခဲ့ကြောင်း ဖော်ပြပါရှိသည်။ သို့ရာတွင် ယနေ့ တကောင်းမြို့ဟောင်းသည် ဧရာဝတီမြစ်၏ အရှေ့ဘက်တွင် တည်ရှိနေသည်။

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ✻

ရှေးအခါက ဧရာဝတီမြစ်ကြောင်းဟောင်းသည် တကောင်းမြို့၏ အရှေ့ဘက်မှ စီးဆင်းသွားပုံ။